ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့၊ (22-6-2006) (၄၉၉၆)

❒ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးတွင် ဒေသတွင်းနိုင်ငံများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်သည့်အရင်းအမြစ်များကို ပူးပေါင်းစုဆောင်းကြခြင်းတို့ ပြုလုပ်နိုင်မှသာ ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းနိုင်မည်။

❒ ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုသည့် ကွန်ရက်များကို ပိုမိုခိုင်မာလာအောင်ဆောင်ရွက်ရန်နှင့် အချိန်တိုအတွင်း ရောဂါကိုဖော်ထုတ်ပြီး တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ခတ်ခွဲခန်းများကို ပစ္စည်းကိရိယာများ ပြည့်ပြည့်စုံစုံ တပ်ဆင်ပေးရန် ဆောင်ရွက်ကြရမည်။

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲကျင်းပ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုအတွက် သောလျှင်စွာ အရေးယူတုံ့ပြန်ဆောင်ရွက်ရန်နှင့် ကမ္ဘာ့ကပ်ရောဂါအသွင်ဖြစ်ပွားပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရန် ဆွေးနွေးမည်

ရန်ကုန် ဇွန် ၂၁

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေး (The 8th ASEAN Health Ministers Meeting) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

တက်ရောက်

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့မိုးလေဝသ

(၂၂-၆-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၂-၆-၂၀၀၆
(ကြာသပတေးနေ့)

လူကုန်ကူးမှုပြဿနာ အောင်မြင်စွာတိုက်ဖျက်သွားမည်

မျက်မှောက်ကမ္ဘာတွင် လူကုန်ကူးမှုပြဿနာကို ထိန်းချုပ်တားဆီးနိုင်ရန် နိုင်ငံအသီးသီးက ဦးစားပေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ဒေသအတွင်းရှိနိုင်ငံများအချင်းချင်း ပူးပေါင်းလက်တွဲ ကြိုးပမ်းနေကြသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်လုပ်ကိုင်လျက်ရှိသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ၌ အာရှဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာကို မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့နှင့်အတူ ဩစတြေးလျအစိုးရတို့ လက်မှတ်ရေးထိုးပြီး ထိရောက်စွာ လုပ်ဆောင်လျက်ရှိသည်။

ထို့အပြင် ၂၀၀၄ ခုနှစ် မတ်လတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုမှုတိုက်ဖျက်ရေးစာချုပ်တို့တွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချုပ်များအား ပါဝင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံက လူကုန်ကူးမှုပြဿနာကို အလေးအနက်ထားသည့်အပြင် နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ကိုင်နေမှုကို ထင်ဟပ်ပေါ်လွင်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကိုပြဋ္ဌာန်းပြီး ကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာအမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို မျက်မြင်တွေ့ရှိနိုင်သည်။

ယနေ့ကမ္ဘာပေါ်တွင် လူကုန်ကူးမှုဖြစ်ပွားသည့် အရေအတွက်ကို အတိအကျသိရှိရန် ခဲယဉ်းသော်လည်း သုတေသီများ၏ ခန့်မှန်းချက်အရ နှစ်စဉ်လူတစ်သန်းမှနှစ်သန်းခန့်အထိ လူကုန်ကူးမှုခံကြရပြီး အမျိုးသမီးနှင့် ကလေးများပါဝင်နေကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို အခြေခံသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီး လူကုန်ကူးခံရသူများအား အကာအကွယ်ပေးလျက်ရှိနေသည့်နည်းတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှု၊ ဒေသအတွင်းရှိ နိုင်ငံများနှင့် တိုးမြှင့်ပူးပေါင်းကြိုးပမ်းမှုများဖြင့် လူကုန်ကူးမှုပြဿနာကို အောင်မြင်စွာ တိုက်ဖျက်သွားနိုင်မည် ဖြစ်ပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ရာဇာဓိရာဇ်လမ်းနေ ကွယ်လွန်သူစုလှိုင်ဝင်းအားရည်စူး၍ ဦးစိုးဝင်း-ဒေါ်စန်းတို့က ငွေကျပ်တစ်သိန်းကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း တောင်ငူမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အမှာစကား ပြောကြားစဉ်။ (ရထား)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စပါးအထွက်တိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေး ကိစ္စရပ်များ မှာကြား

ရန်ကုန် ဇွန် ၂၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပဲခူးတိုင်း(အရှေ့)အသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီမြင့်၊ တောင်ငူမြို့နယ်အသင်း အတွင်းရေးမှူးနှင့် မြို့နယ်အသင်းဝင်များအား တွေ့ဆုံ၍ ကျေးလက်ဖွံ့ဖြိုးရေးကိစ္စရပ်များ မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် သံတောင်မြို့နယ်အသင်းရုံးသို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အသင်းဝင်များအား တွေ့ဆုံ၍ နယ်မြေဒေသ အေးချမ်းသာယာရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင်းဝင်များက တက်တက်ကြွကြွ ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ရေးတို့ မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် တောင်ငူမြို့နယ် လဲဘူးစံပြကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူ လယ်သမားများ၊ အသင်းဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စပါးအထွက်တိုးအောင် စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေးကိစ္စရပ်များ မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဇွန် ၁၉ရက် မွန်းလွဲပိုင်းတွင် တောင်ငူမြို့နယ် ကံရိုးကျေးရွာရှိ ကျေးရွာလူထုနှင့် ရင်းနှီးစွာတွေ့ဆုံ၍ စပါးအထွက်တိုးအောင် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့ မှာကြားသည်။ (သတင်းစဉ်)

ကွယ်လွန်သူသားကျော်နိုင်ထွန်း (၁၀)နှစ်ပြည့်အားရည်စူး၍ကမာရွတ်မြို့နယ် ရွှေစပယ်ရိပ်မွန်နေ ဦးစံထွန်း-ဒေါ်တင်နုမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ဆေးပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂)ဒုတိယဗိုလ်မှူးကြီးဘဉာဏ် (ငြိမ်း)လက်ခံယူစဉ်။ (က-ပ)

နယ်စပ်/ စည်ပင် ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ စာသင် သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ ပရိသတ်တို့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က တစ်နေ့တာဆွမ်းဆက်ကပ် လှူဒါန်းခြင်းအတွက် အလှူငွေကျပ် ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်သံဃာ တော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့ ရှစ်မိုင် မစိုးရိမ်ရွှေကျောင်းတိုက်သစ် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီး (၁၅)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ရှစ်မိုင်မစိုးရိမ်ရွှေကျောင်းတိုက်သစ်၌ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော် အပါး ၁၂၀ နှင့် ပင့်သံဃာတော် ၃၀ တို့အား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ သာသနာ့အကျိုးဆောင်အဖွဲ့ ရှစ်မိုင်မစိုးရိမ်ရွှေကျောင်းတိုက်သစ် မရမ်းကုန်းမြို့နယ် ဖုန်း ၆၆၂၂၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြော

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း မင်္ဂလာဒုံမြို့နယ်နှင့် ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် က အထက(၁)မင်္ဂလာဒုံ မြဇရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ် ဥက္ကဋ္ဌ ဦးတင်ရီနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း ဥက္ကဋ္ဌ ဦးစံရှိန်နှင့်အလုပ်အမှုဆောင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသန့်၊ ကျောင်းအုပ်ကြီး ဦးအောင်ဝင်းနှင့် ဆရာဆရာမများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကျောင်းသူ၊ ကျောင်းသားများ စုစုပေါင်းအင်အား ၅၀၀ တက်ရောက်ကြသည်။ (၅၃၂)

❖ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုပ်မြင်(အင်္ဂလိပ်)ဌာနခွဲမှ ဦးစီးအရာရှိ (သတင်း) ဒေါ်သီတာဆွေက (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားစတင်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာ့ရိုးရာတူရိယာစောင်းဖြင့် ငြိမ့်ညောင်းသာယာစွာ တီးခတ်ပြီး ဖွင့်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်လိုက်သည်။

မိန့်ခွန်းပြောကြား

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် (၈)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးများနှင့် ကိုယ်စားလှယ်တော်များကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်စား နွေးထွေးစွာကြိုဆိုပါကြောင်း၊ ယခုနှစ် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်ပွားလျက်ရှိသည့် အသစ်ပေါ်ထွက်လာသော ကျန်းမာရေးဆိုင်ရာ ရောဂါများ၊ အရေးပေါ်ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်များအကြောင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ကျန်းမာရေးပြဿနာဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတည်း၌သာ ဖြစ်ပွားတတ်ခြင်းမဟုတ် အဓိကစိန်ခေါ်မှုမှာ ကျန်းမာရေးကိစ္စများကို စုပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်

ညှိနှိုင်းပူးပေါင်းဆောင်ရွက်ဖို့လို

ပြီးခဲ့သည့် နှစ်နှစ်အတွင်းတွင် မိမိတို့သည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ဖြစ်ပွားခဲ့သည့် ရေအောက်ကြမ်းပြင်၌ ငလျင်ကြီးလှုပ်၍ ဖြစ်ပေါ်ခဲ့သည့် ဆူနာမီရေလွှမ်းမိုးမှုကြီး၊ တိရစ္ဆာန်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားရာက လူတွင် ကူးစက်ပြန့်ပွားနိုင်သည့် တုပ်ကွေးရောဂါသည် ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားလာနိုင်သည့် အခြေအနေနှင့် နောက်ဆုံး အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျကာတာတွင် မကြာမီကဖြစ်ပွားခဲ့သည့် ငလျင်ဘေးစသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများကို မြင်တွေ့ခဲ့ကြရပြီးဖြစ် ကြောင်း၊ ယင်းအခြေအနေများသည် ဒဏ်ခံရသည့် နိုင်ငံတစ်နိုင်ငံတည်း ဖြေရှင်း၍ မဖြစ်နိုင်ကြောင်း၊ ယင်းသို့ကိစ္စမျိုးတွင် နိုင်ငံအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဤအစည်းအဝေး၏ ဆောင်ပုဒ်ကို **"အရေးပေါ် ကျန်းမာရေးပြဿနာများ ဖြေရှင်းဖို့၊ အာဆီယံနိုင်ငံအားလုံး စည်းလုံးညီညွတ်စို့"** ဟု ရွေးချယ်သတ်မှတ်ခဲ့ခြင်းသည် သင့်မြတ်လှကြောင်း၊ မိမိတို့သည် ယင်းဘေးအန္တရာယ်များကို ရင်ဆိုင်သည့်အခါတွင် အချင်းချင်း စည်းလုံးညီညွတ်မှု၊ ကြံ့ခိုင်မှုနှင့် အာဆီယံအဖွဲ့က ကြံ့ကြံ့ခံတွန်းလှန်နိုင်မှုကို ပြသကြရမည်ဖြစ်ကြောင်း။

ဖြည့်စွက်ဆွေးနွေးမည်

အသစ်ထွက်ပေါ်လာသည့် ကူးစက်ရောဂါများကို ကာကွယ်နှိမ်နင်းရာတွင် အာဆီယံနိုင်ငံများအပြင် ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံများကပါ အချင်းချင်းလက်တွဲဆောင်ရွက်ကြပြီး ပိုမိုနားလည်နိုင်အောင်နှင့် ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက်လည်း ဤအစည်းအဝေးတွင် ဖြည့်စွက်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဤအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးများအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုအတွက် ဆောလျင်စွာ အရေးယူတုံ့ပြန်ဆောင်ရွက်ရန်နှင့် ကြက်ငှက်တုပ်ကွေး ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရန်ကိစ္စများကို ဆွေးနွေးဖော်ထုတ် ဆုံးဖြတ်ကြမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အလေးအနက်ထားပြောကြားလိုသည်မှာ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးတွင် ဒေသတွင်းနိုင်ငံများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်သည့် အရင်းအမြစ်များကို ပူးပေါင်းစုဆောင်းကြခြင်းတို့ ပြုလုပ်နိုင်မှသာ ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ကြောင်း။

ပထဝီအနေအထားအရ အကန့်အသတ်မရှိသည့် ပြည်သူ့ကျန်းမာရေးပြဿနာများ၏ ခြိမ်းခြောက်မှုအန္တရာယ်များ ကြီးထွားလာနေသည့်အခါတွင် ယင်းအန္တရာယ်များကို တားဆီးကာကွယ်ရန် မိမိတို့သည် ဤအစည်းအဝေးတွင် မိမိတို့၏ အသိပညာများ၊ အတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများကို ဖလှယ်နိုင်ခြင်းသည် အလွန်တန်ဖိုးရှိသည့် အခွင့်အရေးကြီးပင်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့ဒေသတွင်း နိုင်ငံအသီးသီးသည် ယင်းဘေးအန္တရာယ်များကို ပိုမိုသိနားလည်လာကြပြီး နိုင်ငံသူ၊ နိုင်ငံသားများကို အန္တရာယ်များမှ ကာကွယ်နိုင်အောင် လက်ရှိဆောင်ရွက်နေသည့် ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုသည့် ကွန်ရက်များကို ပိုမိုခိုင်မာလာအောင် ဆောင်ရွက်ရန်နှင့် အချိန်တိုအတွင်း ရောဂါကိုဖော်ထုတ်ပြီး တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်ခွဲခန်းများကို ပစ္စည်းကိရိယာများ ပြည့်ပြည့်စုံစုံတပ်ဆင်ပေးရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသည် အာဆီယံနိုင်ငံများနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများတွင် လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရန် မနက်ဖြန်တွင် ဒုတိယအကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ပြုလုပ်မည်ဖြစ်ကြောင်းသိရသည့်အတွက် များစွာ ဝမ်းသာကျေနပ်မိကြောင်း။

ကွန်ရက်စနစ်

ဆက်လက်ပြီး အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ရန်ကုန်မြို့၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းကို သိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ၎င်းသည်လည်း ယမန်နှစ် ဒီဇင်ဘာလတွင် ကွာလာလမ်ပူ၌ ပြုလုပ်သည့် (၉)ကြိမ်မြောက် အာဆီယံ+တရုတ် ထိပ်သီးညီလာခံတွင်မိမိတို့၏ နိုင်ငံတော်အကြီးအကဲ မျှော်လင့်ခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ဗိုင်းရပ်စ်ပိုးသေစေသည့် ဆေးဝါးများ စုဆောင်းရာတွင် ဒေသတွင်း ကွန်ရက်စနစ်ထူထောင်ရေး အပါအဝင် လုပ်ငန်းများကို ဆောင်ရွက်ရန်ကိစ္စကို အကောင်အထည်ဖော်ရာရောက်ကြောင်း။

ဤအစည်းအဝေးတွင် အရေးကြီးသည့်ကိစ္စရပ်များဖြစ်သည့် အာဆီယံ+၃ နိုင်ငံများအတွင်း အသစ်ပေါ်ထွက်လာသော ကူးစက်ရောဂါများ တားဆီးကာကွယ်ရေးလုပ်ငန်းအစီအစဉ် အဆင့်(၂)၊ တိုင်းရင်းဆေးပညာ၊ အခြားဆေးဝါးများဖြင့် အထောက်အကူပြု အားဖြည့်ကုသမှု၊ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို အာဆီယံ+၃ နိုင်ငံများအတွင်း ဆောင်ရွက်ရန် မူဘောင်ချခဲ့မှုအပေါ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အာဆီယံနိုင်ငံများရှိ သက်ကြီးရွယ်အိုများအား အိမ်တွင်းပြုစုစောင့်ရှောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုကို လူတိုင်းရယူနိုင်သည့် စနစ်ဖြစ်ပေါ်လာရန် အာဆီယံ+တရုတ် အလုပ်ရုံဆွေးနွေးပွဲ၊ ကျန်းမာရေးပညာရှင်များအရည်အသွေးမြှင့်တင်ရေး၊ပြည်သူ လူထုအတွင်း လူမှုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အာဆီယံ+ဂျပန် အဆင့်မြင့်အရာရှိ အစည်းအဝေးကျင်းပခြင်း၊ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကမ္ဘာ့ကပ်ရောဂါအသွင်ဖြစ်ပွားပါက ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် အာဆီယံနိုင်ငံများသို့ ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့မှုတို့ကို အာဆီယံ+၃နိုင်ငံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးကြမည်ဟု သိရသည့်အတွက် များစွာနှစ်ထောင်းအားရဖြစ်မိပါကြောင်း။

အရေးပါ

မိမိထပ်မံပြောကြားလိုသည်မှာ ကျန်းမာရေးပြဿနာဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ ပထဝီဒေသတစ်ခုတည်း၌သာ ဖြစ်ပွားတတ်ခြင်းမဟုတ်၍ မိမိတို့အတွက် အဓိကစိန်ခေါ်မှုမှာ ကျန်းမာရေးကိစ္စများကို ရဲဘော်ရဲဘက်စိတ်ဖြင့် စုပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအစည်းအဝေးသည် မိမိတို့နိုင်ငံတစ်ခုတည်းသာမဟုတ်ဘဲ အာဆီယံဒေသတွင်း နိုင်ငံများအတွက်လည်း အရေးပါသည့်အစည်းအဝေးဖြစ်ကြောင်း၊ ထိုအစည်းအဝေးပြီးသွားသည့်အခါ မိမိတို့အားလုံးသည် မိမိတို့ အာဆီယံအဖွဲ့ဝင်များအတွင်း စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နိုင်သည့် အစီအစဉ်များ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

ရန်ကုန်မြို့၌ (၈)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်နွှယ်နေသည့် အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံကျင်းပရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ဘဒ္ဒန္တ ဉာဏစက္က၏ ဝိဇာတမင်္ဂလာကျင်းပ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မင်္ဂလာသီရိမဟာပဋ္ဌာန်းကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏ စက္ကမထေရ် (ရခိုင်ဆရာတော်ကြီး၏) (၈၄)နှစ်မြောက်မွေးနေ့ ဝိဇာတပူဇော်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် အထက်ပါကျောင်းတိုက်၌ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ကြီးထံမှ ငါးပါး သီလခံယူဆောက်တည်ပြီး စစ်တွေမြို့ စိတ္တသုခကမ္မဋ္ဌာန်းကျောင်း ဆရာတော် ဘဒ္ဒန္တခေမိကက ဩဝါဒကထာမြွက်ကြားသည်။ ထို့နောက် ဗုဒ္ဓသာသနာတော် ချီးမြှောက်ပူဇော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဦးထွန်းဝေက ဦးဆောင်ပြီး ဝိဇာတမင်္ဂလာဂါထာဖြင့် ပူဇော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (က-ပ)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ခုနှစ်
ဇူလိုင်လ(၁)ရက်မှ(၂)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလမ္မာဘတ်မြို့သို့ ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိလာသော ကူဝိတ်စော်ဘွားအယ်လ်ဆာဘားကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကူဝိတ်စော်ဘွား အယ်လ်ဆာဘား ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိ

အစ္စလမ္မာဘတ် ဇွန် ၂၀

ကူဝိတ်စော်ဘွား ရှိတ်ဆာဘားအယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားသည် နှစ်ရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလမ္မာဘတ်သို့ တနင်္လာနေ့တွင် ရောက်ရှိသည်။

မြို့တော် အစ္စလမ္မာဘတ်ရှိ ချက်လာလာ စစ်အခြေစိုက်စခန်းသို့ ဆိုက်ရောက်လာသော ကူဝိတ်စော်ဘွားအား ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်က ကြိုဆိုနှုတ်ဆက်သည်။

ကူဝိတ်စော်ဘွားသည် ပါကစ္စတန်သမ္မတနှင့် တွေ့ဆုံဆွေးနွေးသည့်အခါ နှစ်နိုင်ငံရေးရာများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ကူဝိတ်စော်ဘွားဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေး၊ ဘဏ္ဍာရေးနှင့် စွမ်းအင် ဝန်ကြီးဌာနများမှ ဝန်ကြီးများအပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ပါဝင်သည်။

ကူဝိတ်စော်ဘွား၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသည်။

ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီတွင် ဆော်ဒီအာရေဗျနှင့် အာရပ် စော်ဘွားများ ပြည်ထောင်စုတို့ပြီးလျှင် ပါကစ္စတန်၏ တတိယအကြီးဆုံး စီးပွားရေးမိတ်ဖက်နိုင်ငံဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ရုရှားသို့ ဗင်နီဇွဲလားသမ္မတ လာရောက်မည်

မော်စကို ဇွန် ၂၀

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် ရုရှားနိုင်ငံ မြို့တော်မော်စကိုသို့ ဇူလိုင်လအကုန်တွင် အလည်အပတ်လာရောက်မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသံရုံးက တနင်္လာနေ့တွင် ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတ၏ ခရီးစဉ်အတွင်း ရုရှားနိုင်ငံလုပ် ဂျက်တိုက်လေယာဉ်များ ဝယ်ယူရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးဖွယ်ရှိသည်။

ဗင်နီဇွဲလားနိုင်ငံသည် ရုရှားလုပ်ဆူခွိုင်းအမျိုးအစား ဂျက်တိုက်လေယာဉ် ၂၄ စင်းကို ဝယ်ယူလိုသည်ဟု သမ္မတချာဗက်ဇ်က လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံသို့ လက်နက်ရောင်းချမှု ပိတ်ပင်ထားချိန်တွင် ရုရှားနိုင်ငံမှ စစ်လက်နက်များ ဝယ်ယူရရှိနိုင်ရန် သမ္မတ ချာဗက်ဇ်က ကြိုးပမ်းလျက်ရှိသည်။

မိမိတို့ နှစ်နိုင်ငံသည် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ရရှိပြီးဖြစ်ကြောင်း ဗင်နီဇွဲလားသံအမတ်ကြီး အလက်ဇီနာဗာရီရိုဂျက်စ်က ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် ရုရှားလုပ် တိုက်ခိုက်ရေး ရဟတ်ယာဉ်များ၊ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များနှင့် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် သေနတ်အလက်ပေါင်း ၁၀၀၀၀၀ ကို ဝယ်ယူခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇွန် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက်တွင် တနင်္ဂနွေနေ့က မီနီဘတ်စ်ကားထဲမှ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မီနီဘတ်စ်ကားသည် ညနေ ၄ နာရီခန့်တွင် ဆာဒီရက်ဒေသသို့အသွားကားထဲမှ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ကားပေါ်လိုက်ပါလာသူ လေးဦးသေဆုံးကြောင်း ပြည်ထဲရေးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နှင့်လာအို ကဏ္ဍာပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မည်

ဟန္နိုင်း ဇွန် ၂၀

ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့သည် နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှု မြှင့်တင်ကာ ကဏ္ဍာပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားကြရန် သဘောတူညီကြကြောင်း ဗီယက်နမ်သမ္မတ ထရန်ဒတ်လွန်းနှင့် လာအိုပြည်သူ့တော်လှန်ရေးပါတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်သမ္မတ ချူမယ်လီဆားယာဆွန်းတို့ မြို့တော်ဟန္နိုင်း၌ တနင်္လာနေ့က တွေ့ဆုံဆွေးနွေးပြီးနောက် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ပူးပေါင်းဆောင်ရွက်

ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အားလျော်စွာ အာဆီယံ၏ အခြေခံမူဘောင်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်ကြောင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့သည် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များနှင့်အညီ ဒေသဆိုင်ရာစီမံကိန်းများတွင် ပါဝင်အကောင်အထည်ဖော်သွားကြရန်လည်း သဘောတူညီကြသည်။

လာအိုသမ္မတသည် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ရှန်တုံပြည်နယ်၌ ရေသဘင်ပွဲတော်ဆင်နွှဲနေသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မော်ဖင်းထက် အဆ၁၀၀ပြင်းသည့် ဆေးကြောင့် အမေရိကန်မြို့ကြီးများ၌ ရာချီသေဆုံးလျက်ရှိ

ဖီလာဒယ်လ်ဖီးယား ဇွန် ၂၀

အမေရိကန်နိုင်ငံ ဒက်ထရိုက်၊ ချီကာဂိုနှင့် ဖီလာဒယ်လ်ဖီးယားမြို့တို့တွင် ရာပေါင်းများစွာသော မူးယစ်ဆေးစွဲသူများသည် ဖင်တနိုင်းဆေး ဖြည့်စွက်ထားသည့် ဘိန်းဖြူသုံးစွဲမှုကြောင့် မကြာသေးမီက သေဆုံးခဲ့ရကြောင်း အမေရိကန်နိုင်ငံရှိ ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဖင်တနိုင်းဆေးမှာ အလွန်ပြင်းသည့် ဆေးတစ်မျိုးဖြစ်ပြီး အကိုက်အခဲပျောက်ဆေးလည်း ဖြစ်သည်။ ယင်းဆေးမှာ မော်ဖင်းထက် အဆ ၈၀ မှ ၁၀၀အထိ အားပြင်းပြီး ဆေးပမာဏအနည်းငယ်ကို သုံးစွဲရုံမျှဖြင့် လူကိုသေစေနိုင်သည်။

ဖင်တနိုင်းဆေးသည် ဘိန်းဖြူထက် အဆ ၅၀အထိ အားပြင်းနိုင်ကြောင်း ကိုလံဘတ်စ်ရဲစခန်းမှ ရဲတပ်ကြပ်ကြီး စတီဗီအိုမာဟိုဆာက ပြောကြားသည်။

ဖင်တနိုင်းဆေးတစ်မျိုးတည်းဖြင့်ပင် လူကိုသေနိုင်စွမ်းရှိကြောင်း၊ ယင်းကို ဘိန်းဖြူနှင့်ရောနှောပေးလိုက်သည့်အခါ အဆိပ်ပိုပြင်းလာကြောင်း မင်းစ်ဖီးလ်ရဲစခန်းမှ ရဲတပ်ကြပ်ကြီး မိုက်ဘမ်မန်းက ပြောကြားသည်။

အင်တာနက်။

သက်တမ်းနှစ်ပေါင်း ၂၄၀၀ ရှိ အုတ်ဂူများ ရှာဖွေတွေ့ရှိ

ဝူဟန် ဇွန် ၂၀

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် ဒွန်ဂျီယန်ဘူးမြို့တွင် သက်တမ်းနှစ်ပေါင်း ၂၄၀၀ ရှိ ရှေးဟောင်း အုတ်ဂူများကို ရှာဖွေတွေ့ရှိရကြောင်း ဟူဘေးယဉ်ကျေးမှု အမွေအနှစ်များ သုတေသနသိပ္ပံမှ သုတေသီတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အဆိုပါရှေးဟောင်းအုတ်ဂူ အလုံး ၅၀ အနက် အုတ်ဂူအမှတ်(၄)တွင် ရှေးဟောင်း အိုးများ၊ ခွက်များ၊ ဓားများနှင့် လေးမြားတို့အပါအဝင် အခမ်းအနားသုံးပစ္စည်းကိရိယာ ၁၀စုံကျော်ကို တွေ့ရှိရကြောင်း ရှေးဟောင်းသုတေသန ပညာရှင် ဟူရှီဟွန်က ပြောကြားသည်။

တူးဖော်တွေ့ရှိသော ရှေးဟောင်းပစ္စည်းများ၏ မျက်နှာပြင်ပေါ်တွင် သစ်ပင်ပန်းမန်တို ၏ရုပ်ပုံကို ဆေးရေးခြယ်ထားပြီး ကျောက်စိမ်းဖြင့် မွမ်းမံဆင်ယင်ထားမှုများကိုလည်း တွေ့ရှိရကြောင်း ဟွန်က ပြောကြားသည်။

တရုတ်နိုင်ငံတွင် ၁၉၅၀ ပြည့်လွန်နှစ်များကလည်း အလားတူ ရှေးဟောင်းပစ္စည်းများကို ယွန်ဇင့်စီရင်စုတွင် ရှာဖွေတွေ့ရှိခဲ့သည်။

တူးဖော်တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများသည် ဘီစီ ၇၇၀- ဘီစီ ၄၇၆ အတွင်း ပြုလုပ်ခဲ့သည့်ပစ္စည်းများဖြစ်ပြီး ကျိုမင်းဆက်နှင့် သက်ဆိုင်ကြောင်း၊ ရှေးဟောင်းစျာပန အခမ်းအနားများနှင့် ဓလေ့ထုံးစံများကို ဖော်ထုတ်လေ့လာခွင့် ရရှိမည်ဖြစ်ကြောင်း ဟွန်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ ဘူလူဆန်မီးတောင်အနီးရှိကျေးရွာမှ ကလေးသူငယ်များအား တပ်ဖွဲ့ဝင်များက ဘေးကင်းရာသို့ သယ်ဆောင်လာသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်သူနှစ်ဦးအား ကော်စတာရီကာလေဆိပ်တွင် ဖမ်းမိ

ဆန်ဟိုဆေး ဇွန် ၂၀

ကော်စတာရီကာ နိုင်ငံတကာလေဆိပ်တွင် ပြည်ပသို့ မူးယစ်ဆေးဝါး တင်ပို့ရန် ကြိုးပမ်းသည့် ဒတ်ချ်လူမျိုးနှစ်ဦးကို ဖမ်းဆီးရမိကြောင်း ကော်စတာရီကာ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ဒတ်ချ်လူမျိုးတစ်ဦးဖြစ်သူ ဖယ်လ်လစ်ဒါဒယ်လ်သည် ကိုကင်းတစ်ကီလို ကျော်ပါဝင်သည့် ဆေးတောင့်လေးများကို ဝမ်းဗိုက်အတွင်း မျိုချကာ ပြည်ပသို့ မူးယစ်ဆေးဝါးတင်ပို့ရန် ကြိုးပမ်းခဲ့ကြောင်း၊ ၎င်းသည် အမ်စတာဒမ်မြို့သို့ ထွက်ခွာမည့် လေယာဉ်တစ်စင်းနှင့်အတူ လိုက်ပါနိုင်ရန် ပြင်ဆင်နေချိန်တွင် အဖမ်းခံလိုက်ရကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကော်စတာရီကာ အာဏာပိုင်များသည် ဒတ်ချ်လူမျိုးတစ်ဦးဖြစ်သည့် အက်ဒ်မွန်ဆိုသူကိုလည်း အလားတူ မူးယစ်ဆေးဝါးသယ်ဆောင်မှုဖြင့် ဖမ်းဆီးလိုက်သည်။ အက်ဒ်မွန်ဆိုသူနှင့်အတူ မူးယစ်ဆေးဝါးမည်မျှပါရှိသည်ကို မသိရှိရပေ။ အဆိုပါ ဒတ်ချ်လူမျိုးနှစ်ဦးကို ရုံးတင်စစ်ဆေးမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက ထောင်ဒဏ်အနှစ် ၂၀ အထိ ကျခံရဖွယ်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ဆက်သွယ်ရေးနည်းပညာပြပွဲတွင်ကလေးငယ်တစ်ဦးမိုဘိုင်းလ်ဖုန်းအသုံးပြုဆက်သွယ်နေသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟူစတန်ပြည်နယ်၌ ရေလွှမ်းမိုး

ဟူစတန် ဇွန် ၂၀

အမေရိကန်နိုင်ငံဟူစတန်ပြည်နယ်တွင် တနင်္လာနေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရုတ်တရက် ရေလွှမ်းမိုးမှုများ ဖြစ်ပွားရာ ယာဉ်အသွားအလာ ပိတ်ဆို့ခြင်းနှင့် နေအိမ်များ ရေလွှမ်းမိုးခြင်းတို့ ဖြစ်ပွားခဲ့သည်။ ညဥ့်နက်ပိုင်းတွင် မုန်တိုင်းများ ဝင်ရောက်လာဖွယ်ရှိကြောင်း မိုးလေဝသကြိုတင်ခန့်မှန်းရေးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ဟူစတန်ပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ အဝေးပြေးလမ်းမနှင့် လမ်းမများတွင် ရေများဖုံးလွှမ်းသွားကြောင်း၊ ထိုနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ လာရောက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တနင်္လာနေ့ ညနေခင်းတွင် ရေများ လျော့ကျသွားကြောင်း ဖော်ပြထားသည်။

မိုးသက်မုန်တိုင်းသည် ဟူစတန်ပြည်နယ်တွင် ပြန်လည်ဝင်ရောက်လာဖွယ်ရှိကြောင်း၊ ထိုမုန်တိုင်းသည် အင်္ဂါနေ့ မွန်းတည့်ချိန်အထိ ဆက်လက်ဝင်ရောက် လာဖွယ်ရှိကြောင်း၊ ငါးလက်မမှ ၁၀ လက်မအထိ ရေများ လွှမ်းမိုးသွားနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ကြိုတင်ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စားအုန်းဆီအများဆုံးထုတ်လုပ်သည့် နိုင်ငံ အင်ဒိုနီးရှား ဖြစ်လာမည်ဟုဆို

ဂျကာတာ ဇွန် ၂၀

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၇ ခုနှစ်ထက် နောက်မကျဘဲ စားအုန်းဆီတန်ချိန် ၁၆ သန်းကျော် ထုတ်လုပ်ခြင်းဖြင့် မလေးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုကို ကျော်တက်ပြီး ကမ္ဘာ့စားအုန်းဆီ အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်လာရန် ရည်မှန်းထားကြောင်း စီးပွားရေးလုပ်ငန်းရှင်များ အသင်းတစ်သင်းက တနင်္လာနေ့တွင် ပြောကြားသည်။

၂၀၀၇ ခုနှစ်ထက် နောက်မကျဘဲ အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုမှာ တန်ချိန် ၁၆ သန်းကျော်ရှိမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ၏ အစွမ်းကုန် စားအုန်းဆီထုတ်လုပ်မှုမှာ တန်ချိန် ၁၆ သန်းမျှသာရှိမည်ဖြစ်ကြောင်း အင်ဒိုနီးရှား စားအုန်းဆီထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒီရှမ်ဘင်ဂန်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ယမန်နှစ်တွင် စားအုန်းဆီတန်ချိန် ၁၃ ဒသမ ၆ သန်းထုတ်လုပ်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၄ ဒသမ ၇ သန်းအထိ တိုးမြှင့်ထုတ်လုပ်ရန် ရည်မှန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း၌ ဆီအုန်းခြံ ဟက်တာ ၅ ဒသမ ၁၅ သန်းရှိကြောင်း ဒီရှမ်ဘင်ဂန်၏ ပြောကြားချက်ကို ကိုးကားလျက် အန်တာရာသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံအား အမေရိကန်က ကျူးကျော်သိမ်းပိုက်ထားမှုကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဇွန် ၂၀ ရက်က ကန့်ကွက်ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘာရာဇီးတွင် ဇီဝလောင်စာစက်ရုံ စတင်တည်ဆောက်

ရီယိုဒီဂျနေရိုး ဇွန် ၂၀

ဘာရာဇီးနိုင်ငံရှိ ဘီအက်စ်ဘိုင်အိုကုမ္ပဏီသည် နိုင်ငံ၏ ပထမဆုံးသော ဇီဝလောင်စာစက်ရုံကို အင်္ဂါနေ့တွင် စတင်တည်ဆောက်ကြောင်း၊ အဆိုပါစက်ရုံတည်ဆောက်ပြီးပါက လောင်စာဆီကို ဟင်းသီးဟင်းရွက်မှ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်ပမှ ဒီဇယ်လောင်စာ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဟု မျှော်မှန်းထားကြောင်း ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ဇီဝလောင်စာစက်ရုံသည် ရိုင်အိုဂရန်ဒီနိုးဆူလ်ပြည်နယ် ပက်စ်ဆိုဖန်ဒိုမြို့တွင် တည်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဇင်ဘာဘွေ၌ သကြားထုတ်လုပ်မှု မြှင့်တင်မည်

ဟာရာရေး ဇွန် ၂၀

ဇင်ဘာဘွေနိုင်ငံ၏ သကြားထုတ်လုပ်မှုကို ယမန်နှစ်က တန်ချိန် ၄၂၈၀၀၀ ထုတ်လုပ်ရာမှ ၂၀၀၆ ခုနှစ်တွင် တန်ချိန် ၄၈၁၀၀၀ အထိ မြှင့်တင်နိုင်မည်ဟု မျှော်မှန်းကြောင်း ဇင်ဘာဘွေနိုင်ငံ သကြားကုန်သည်များအဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယခုနှစ် သကြားထုတ်လုပ်မှုတွင် ပြည်တွင်းစားသုံးရန်အတွက် ၆၅ ရာခိုင်နှုန်းနှင့် ကျန်ပမာဏကို ပြည်ပသို့ တင်သွင်းရန် လျာထားကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူရှိ ပက်ထရိုးနပ်စ် အမြွှာမျှော်စင် အဆောက်အအုံရှေ့တွင် ကမ္ဘာ့လှည့်ခရီးသည်များအား ဇွန် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လေယာဉ် ၂၂ စင်း ဝယ်ယူရန် အင်ဒိုနီးရှားစီစဉ်လျက်ရှိ

ဂျကာတာ ဇွန် ၂၀

အင်ဒိုနီးရှားနိုင်ငံပိုင် မာပါတီနဆန်တာရာလေကြောင်းလိုင်း (အမ်အင်န်အေ)သည် လေယာဉ်အသစ် ၂၂ စင်းကို ဝယ်ယူရန်စီစဉ်လျက်ရှိကြောင်း၊ နောင်သုံးနှစ်မှ ငါးနှစ်တာကာလကျော်တွင် လက်ရှိသုံးစွဲ နေသောလေယာဉ်များနေရာတွင် အစားထိုးသုံးစွဲရန် ရည်ရွယ်ထားကြောင်း အမှုဆောင်အဖွဲ့က ပြောကြားသည်။

ဝယ်ယူမည့်လေယာဉ်တွင် တရုတ်နိုင်ငံ အေဗွီအိုင်စီ-၁ လေကြောင်းကုမ္ပဏီမှ ဆင်ဟူ-၆၀ (အမ်အေ ၆၀) လေယာဉ် ၁၅ စင်း ပါဝင်ကြောင်း ကော်ပိုရေးရှင်း အတွင်းရေးမှူး ဂျာကာပူဂျီယိုနို၏ ပြောကြားချက်ကို ကိုးကား၍ ဂျကာတာပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

လေကြောင်းလိုင်း ထပ်မံတိုးချဲ့ပျံသန်းရေးအတွက် ခရီးသည်များ ပိုမိုလိုက်ပါနိုင်ရန်ရည်ရွယ်၍ ဝယ်ယူမည့် လေယာဉ်များတွင် အများဆုံးထိုင်ခုံ ၅၀ ပါရှိရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုကျိုတွင် ငလျင်လှုပ်

တိုကျို ဇွန် ၂၀

ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် အနီးတစ်ဝိုက်တွင် ပြင်းအား ၄ဒသမ၈ ရစ်ချ်တာစကေးအဆင့်ရှိ မြေငလျင် အင်္ဂါနေ့နံနက်ပိုင်းကလှုပ်သွားကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။ နံနက် ၆ နာရီ ၄၇ မိနစ်တွင် ငလျင်လှုပ်သွားကြောင်း၊ ချီဘာပြည်နယ် အနောက်မြောက်ပိုင်း ပင်လယ်မျက်နှာပြင်အောက် ၈၀ ကီလိုမီတာရှိ နေရာကို ဗဟိုပြု၍ ငလျင်လှုပ်သွားကြောင်း ဂျပန်မိုးလေဝသဌာနက ထုတ်ပြန်သည်။ ငလျင်လှုပ်မှုကြောင့် ပျက်စီးမှု သို့မဟုတ် ဒဏ်ရာရရှိမှုကို သတင်းမရရှိပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

➪ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မှ

ရေလှောင်တမံအလျား ၂၂၆၄ပေနှင့် တမံအမြင့် ၄၃၃ ပေရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ၂၁ ဒသမ ၁၄ သိန်း ဧကပေရှိပြီး ကန်ရေသေရေလှောင်ပမာဏမှာ ၁၃ ဒသမ ဝ၄သိန်းဧကပေနှင့် ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာမှာ ၁၄၅၈၀ ဧက(၂၃ စတုရန်းမိုင်)ဖြစ်ပြီး ရေပိုလွှဲအမျိုးအစားမှာ ရေတံခါးမပါ ရေပို လွှဲဖြစ်၍ ရေအားလျှပ်စစ်စက်ရုံသည် သံကူကွန်ကရစ်ဖြစ်သည်။ တပ်ဆင်စက်အင်အားမှာ ၇၉၀မဂ္ဂါဝပ်ဖြစ်ပြီး တစ်နှစ်ထုတ်လုပ်နိုင်မည့်ဓာတ်အား ပမာဏမှာ ကီလိုဝပ်နာရီ သန်း ၃၅၅၀ ဖြစ်ကြောင်းသိရသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့ စက်မှုနယ်မြေ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ရာရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က စက်ရုံမှူးများအား စက် ရုံနယ်မြေအလိုက်စိုက်ပျိုးကြရန် ကြက်ဆူပင်များကိုဝေငှပေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ခြံစည်းရိုး ကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး စက်ရုံဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါစက်မှုနယ်မြေတွင် ခြံစည်းရိုးကြက်ဆူပင်ဧက၃၅၀၊ အပင်ပေါင်း ၄၂၀၀၀၀အား သုံးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက၁၅၀စိုက်ပျိုးရန်စီစဉ်ထားရာ ယခုစိုက်ပျိုးမှုမှာ ဧက၅၀ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် စက်မှုနယ်မြေစက်ရုံများရှင်း လင်းဆောင်သို့ရောက်ရှိရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ကျောက်ဆည်စက်ရုံများ နယ်မြေတာဝန်ခံ ဘိလပ်မြေစက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး စိန်အောင်နှင့်စက်ရုံမှူးများကကြိုဆိုကြပြီး သက်ဆိုင်ရာစက်ရုံများအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်ချက်များမှာကြားပြီး ဘိလပ်မြေစက်ရုံအတွင်း ဘိလပ်မြေထုတ်လုပ်နေမှုအခြေအနေနှင့် ဘိလပ်မြေများအား အိတ်သွတ်စက်ရုံတွင် အိတ်သွတ်ထုပ်ပိုးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးဒုတိယဗိုလ်မှူးကြီးစိန်အောင်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်ဘီးစက်ရုံ၌ စက်ဘီးအပိုပစ္စည်းများ၊ စက်ဘီးအဆင့်ဆင့် တပ်ဆင်ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ အပ်ချုပ်စက် စက်ရုံ၌စက်အစိတ်အပိုင်းများ၊ စက်ခေါင်းများထုတ်လုပ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စွပ်ကျယ်စက်ရုံ၌လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် စက်ရုံမှထုတ်လုပ်ထားသော အဝတ်အထည်အမျိုးမျိုးကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် စဉ့်ကိုင်မြို့နယ်၊တောမကျေးရွာအနီး နွေစပါးမျိုးသန့်စံပြကျေးရွာသို့ ရောက်ရှိကြပြီး အဆိုပါ ကျေးရွာတွင် စိုက်ပျိုးထားသည့် ဇော်ဂျီဆည်ရေသောက်ဦးထွန်းစိန်၏ လယ်မြေမှဆင်းသွယ်လတ် စပါးနှစ်ဧကခွဲဖြစ်ထွန်းနေမှုနှင့် မိုးစပါးစိုက်ပျိုးနေမှု၊ နွေစပါးများကို ခြွေလှေ့စက်ဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စဉ့်ကိုင်မြို့နယ် ချည်မျှင်ရှည်ဝါမျိုးသန့်စိုက်ပျိုးရေးဇုန်သို့သွားရောက်၍ တောင်သူများစိုက်ပျိုးထားသည့် တစ်ဧကအထွက်နှုန်း ၂၀၀နှင့် ၄၀၀ ပိဿာကြားထွက်သောဝါဧက ၅၀စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ငွေချည်(၁)၊ ငွေချည်(၂)ဝါ စိုက်ခင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝါစိုက်တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တံတားဦးမြို့နယ်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂) ဘက်စုံစိုက်ပျိုးရေးနှင့်မွေးမြူရေးခြံသို့ရောက်ရှိပြီး အဆိုပါစိုက်ပျိုးရေးခြံ၌ စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧကကို ကြည့်ရှုစစ်ဆေးပြီးနောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။ ထို့နောက်ရှုရပ်မျှော်စင်ပေါ်မှနေ၍ စိုက်ပျိုးရေးဘက်စုံခြံအမှတ်(၂)တွင်ခြံစည်းရိုးကြက်ဆူပင်ဧက ၁၀၀အပင် ၁၂၀၀၀၀စိုက်ပျိုးထားသည်ကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၃ နာရီတွင် မန္တလေးမြို့သို့ ရောက်ရှိညအိပ်ရပ်နားသည်။ (သတင်းစဉ်)

❍ ပဲခူးတိုင်းအတွင်းမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ရွှေကျင်မြို့သို့ ရောက်ရှိ၍ ရွှေကျင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ငါးဧကတွင် အပင်ပေါင်း ၆၂၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရွှေကျင်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်ဝင်းမြင့်က တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဇီဝဒီဇယ်လောင်စာဆီ ထုတ်ယူနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ အမှတ်(၄) တည်ဆောက်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမော်သာထွေးက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အား ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်သာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝအတွက်ပါ အကျိုးရှိမည့် စီမံကိန်းဖြစ်၍ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးဆောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရှုရပ်မှ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားပြီး ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ပဲခူးခရိုင် ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ တမံအလျားမှာ ပေ ၃၆၁၀၊ တမံအမြင့်ပေ ၄၀ရှိ၍ဓာတ်အား၇၅မဂ္ဂါဝပ် ထုတ်ယူနိုင်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ ရော်ဘာတိုးချဲ့စိုက်ခင်းသို့ရောက်ရှိပြီး ရော်ဘာခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းက ၂၀၀၄ ခုနှစ်တွင် ရော်ဘာ ၆၁၀၇ ဧကကို ရယူထားရှိပြီး မူလရှင်သန်ပြီး ဧက ၂၀၀၀ ခန့်ကို ဆက်လက်ထိန်းသိမ်းပြုစု၍ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရော်ဘာဧက ၄၅၀ ကို တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ် ယခုမိုးရာသီတွင် ရော်ဘာဧက ၃၅၀ ကို ဆက်လက်စိုက်ပျိုးရန် လျာထားရာ ဧက ၁၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် လမ်းဘေးဝဲ၊ယာတစ်လျှောက်တွင် အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာပင်များကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ရွှေကျင်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်က မြို့နယ်ဆိုင်ရာအချက်အလက်များ၊အဓိက သီးနှံ၁၀မျိုးစိုက်ပျိုးပြီးစီးမှု၊မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းသည် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုနေသည့် တိုင်းကြီးခြောက်တိုင်းတွင် ပါဝင်လျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေး ပိုမိုဖြစ်ထွန်း တိုးတက်အောင်မြင်ရေးအတွက် ပဲခူးတိုင်းအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပါအဝင် ကုန်ထုတ်စွမ်းအားတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ပဲခူးတိုင်းအတွင်း ယခုနှစ်တွင် မိုးစပါးဧကသိန်း ၃၀ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းလျက်ရှိရာ မိုးစပါးအပါအဝင် ဒေသနှင့်ကိုက်ညီမည့် အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်သီးနှံသုံးမျိုးအနက်မှ ရော်ဘာနှင့် အမယ်သစ်သီးနှံ ငရုတ်ကောင်းတို့အပြင် ခြံစည်းရိုးကြက်ဆူပင်တို့ကို ပိုမိုတိုးချဲ့ စိုက်ပျိုးကြရန်လိုကြောင်း၊ မွေးမြူရေးအနေဖြင့် ဒေသကြက်ကို တစ်ပိုင်တစ်နိုင်၊တစ်အုပ်တစ်မ မွေးမြူကြရန် လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအပါအဝင် စီမံကိန်းများအောင်မြင်ရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲ၍ အောက်ခြေအထိဆင်းပြီး ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရွှေကျင်တပ်နယ်ရှိ မြဝတီခန်းမ၌ ရွှေကျင်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်အောင်မြင်ရေးတို့အတွက် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်စိန္တာရာမကျောင်းတိုက် ပြည့်စေအေးသုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

✻ ကာကွယ်ရေးမှ

သုံးကြိမ်ရွှတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီးပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူအပ်သော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်တာဝန်ရှိသူတို့က ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ကျောင်းလှူတ်ပူဇော အလှူတော်မင်္ဂလာ အောင်ဩဘာစာတမ်းကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီးပရိသတ်တို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဿဓာဘိဝံသ ဆရာတော်ကြီး ဟောကြားတော်မူသော အနုမောဒနာတရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ရေစက်ချအလှူတော်မင်္ဂလာ ပြုလုပ်သည့် ပြည့်စေအေး သုံးထပ်ကျောင်းဆောင်တော်ကြီးကို စေတနာရှင်အလှူရှင် ၁၆၂ ဦး၏ လှူဒါန်းငွေကျပ်သိန်းပေါင်း ၅၅၀ကျော်ဖြင့် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

အီရန်နှင့် အင်ဂိုလာသရေကျ

လိုက်ပ်ဇစ် ဇွန် ၂၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)တွင် ပါဝင်သော အီရန်အသင်းနှင့် အင်ဂိုလာအသင်းတို့ ဂျာမနီနိုင်ငံ လိုက်ပ်ဇစ်မြို့တွင် ဇွန် ၂၁ ရက်က ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

အီရန်အသင်းအတွက် ဘာခါတီယာရီဇာဒါးက ပွဲချိန်၇၆မိနစ်တွင် တစ်ဂိုးသွင်းပေးခဲ့ပြီး အင်ဂိုလာအသင်းမှ ဖလာဗီယိုက ပွဲချိန် မိနစ်၆၀တွင် ချေပဂိုးသွင်းယူခဲ့သည်။ အင်တာနက်။

ပေါ်တူဂီအသင်းက မက္ကဆီကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်

ဂယ်ဆန်ကာချန် ဇွန် ၂၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စု(ဃ)တွင်ပါဝင်သည့် ပေါ်တူဂီအသင်းနှင့် မက္ကဆီကိုအသင်းတို့ ဂျာမနီနိုင်ငံ ဂယ်ဆန်ကာချန်မြို့၌ ဇွန် ၂၁ ရက်က ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက မက္ကဆီကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ပေါ်တူဂီအသင်းမှ မားနစ်ချ်က ပွဲချိန် ခြောက်မိနစ်တွင် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၂၄ မိနစ်တွင် ဆင်မာအိုက ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ မက္ကဆီကိုအသင်း၏ ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၂၉မိနစ်တွင် မွန်ဆီကာက သွင်းယူခဲ့သည်။ အင်တာနက်။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၆
(ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	မြန်မာ့လက်ဖက်ရဲ့ တွဲဖက်အဖော် ကြက်သွန်မွှမွှကြော်
၇:၄၀	ပြည်တွင်းသတင်းအကျဉ်း
၇:၅၀	ယနေ့သိပ္ပံနှင့် နည်းပညာ (သန္တာအေး၊ A သူမြင့်)
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	Language Lab ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	Jil Caplan ရဲ့ တစ်ကိုယ်တော်ဂီတည
၉:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ယုဇနနှင့် သူမ၏ အနုပညာခရီးလမ်း)
၉:၅၀	မိုးလေဝသခန့်မှန်းချက်
၉:၅၅	စက်ဘီးစက်ရုံ (ကျောက်ဆည်)
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	Movie Talk (ဒေါက်တာဇော်သန်း၊ အကယ်ဒမီဦးထွန်းလှိုင်)
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	စပျစ်ချိုချို၊ ဝိုင်ချိုချို
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	ဆွေမျိုးတော်ပေမယ့် (ရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ)
၁၁:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံစိုက်ပျိုးနည်း
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတက်ရောက် ဝေန်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်ပေး

နေပြည်တော် ဇွန် ၂၁

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးမှူးကျင်းပသော တွန်ပလွန်–သရက်ကုန်း ကျေးလက်ကျောက်ချောလမ်းဘေး ဝဲ/ယာတစ်လျှောက် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက တက်ရောက်လာကြသူများအတွက် ကြက်ဆူပျိုးပင်များကို ကိုယ်စားလှယ်များထံဝေငှပေးအပ်ပြီးသတ်မှတ်နေရာတွင်ခြံစည်းရိုးကြက်ဆူပျိုးပင်ကို စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက်တိုင်းမှူးသည် ပုသိမ်မြို့ ကမ်းနားလမ်းပန်းခြံဆိပ်ကမ်း၌ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော ဝေန်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးရာ ရှေးဦးစွာတိုင်း ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူးဦးသန်းဦးဝေက ဧရာဝတီတိုင်းအတွင်း ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်း အင်းအိုင် ဆည်တမံများတွင် ငါးမျိုးစိုက်ထည့်ခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူး၊ နှစ်စဉ် ငါးမျိုးစိုက်ထည့်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများသည် ငါးမျိုးနှင့်ငါးသားပေါက်အရွယ်စုံ စုစုပေါင်းကောင်ရေ ခုနစ်သိန်းကျော်ကို ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုင်းအတွင်းရှိ မြို့နယ်အလိုက်မြစ်ချောင်း ဆည်တမံများအတွင်းသို့ ငါးနှင့် ပုစွန်အပါအဝင်ငါးမျိုးစိုက်ထည့်သွင်းပေးနိုင်မှုပမာဏမှာ ယခုအထိကောင်ရေ ၂၄သိန်းကျော်ရှိပြီဖြစ်သည်။ (သတင်းစဉ်)

မြေငလျင်သတင်း

ရန်ကုန် ဇွန် ၂၁

၂၀၀၆ခုနှစ်၊ ဇွန်လ ၂၁ရက်နေ့ မြန်မာစံတော်ချိန် ၁၉နာရီ ၀၇ မိနစ်၂၇စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၇၇၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(နီကိုဘားကျွန်းစု၊ အိန္ဒိယဒေသ)နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ သုည အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်သည်။ (သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးစတင်ကျင်းပ

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ စတင်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Nuth Sokhom ၊ **စင်ကာပူသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး** Mr. Khaw Boon Wan၊ **ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီး** Mr. Pehin Dato Suyoi Osman၊ **မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး** Dato Chua Soi Lek၊ **လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး** Dr. Ponmek Dalaloy၊ **ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး** Mr. Anutin Charnvirakul ၊ **ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး** Mr. Tran Chi Lien ၊ **ဖိလစ်ပိုင်သမ္မတနိုင်ငံ** Under Secretary of Health, Dr. Ethelyn °P.Nieto°၊ **အင်ဒိုနီးရှားသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်** I. Nyoman Kandun၊ **အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်** Dr. Wilfrido V. Villacorta **နှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။**

သဘာပတိ

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တွဲဖက်သဘာပတိအဖြစ် ဖိလစ်ပိုင် သမ္မတနိုင်ငံ Under Secretary of Health, Dr. Ethelyn P. Nietoတို့က ဆောင်ရွက်ကြသည်။

ထို့နောက်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့က "အရေးပေါ် ကျန်းမာရေးပြဿနာများဖြေရှင်းဖို့ အာဆီယံနိုင်ငံအားလုံး စည်းလုံးညီညွတ် စို့" အကြောင်းနှင့်ပတ်သက်၍ နိုင်ငံအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းဆွေးနွေးပွဲ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က အကြိုညှိနှိုင်း ဆွေးနွေးပွဲတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် အကြောင်းအရာများနှင့် ဒုတိယအကြိမ်အာဆီယံ+၃နိုင်ငံများကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ်အာဆီယံ+တရုတ်နိုင်ငံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ အတည်ပြုချက် ရယူသည်။

ထို့နောက်(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး အစီရင်ခံစာအပေါ် ဝိုင်းဝန်း ဆွေးနွေးအတည်ပြုပြီး ယင်းအစီရင်ခံစာကို လက်မှတ်ရေးထိုးကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အစည်းအဝေးသို့ တက်ရောက်ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေး မှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပစဉ်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

ပြည်သူ့နယ်ပယ် ဖလှယ်စကားဝိုင်း တိုင်းပြည်အနှံ့ ခရီးဆန့်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂–၆–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၀၅ ၆။ အရေးပြိုင်ပွဲ

၈:၁၅ ၇။ အကပဒေသာ

၈:၂၅ ၈။ တံငါတံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Let's Go.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ– ဒုတိယနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)

၅:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၂၅ ၇။ တေးဂီတအစီအစဉ်

၅:၄၀ ၈။ **"အလျော်အစား" (ဇင်ဝိုင်း၊ငွေစင်သွန်း၊ခင်သန်းနွယ်) [ဒါရိုက်တာ–ကျော်ဇောလင်း]**

၅:၅၀ ၉။ မြန်မာမှုပန်းဆယ်မျိုး

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ မှုဟန်သွယ်သွယ်ဆိုကြမယ်

၆:၅၀ ၁၃။ **ထူးချွန်မြန်မာအမျိုးသမီးများ (အပိုင်း–၂)**

၇:၀၀ ၁၄။ ဖွံ့ဖြိုးတိုးတက်ဝေဆာတောင်နီစံပြကျေးရွာ

၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်ပန်းလှလှ"(အပိုင်း–၁၉)**

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှေ့နေ"(အပိုင်း–၁၆) (ဇာတ်သိမ်းပိုင်း)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

ပြည်တွင်းပြည်ပ အဖျက်သမားများ၏အကြံနှင့် သတိပြု

၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံရင်ဆိုင်ရသော အခက်အခဲမှာ နှစ်(၅၀)ကာလအတွင်း ပြည်သူလူထုအတွက် အဆိုးရွားဆုံး၊ အကျပ်တည်းဆုံး၊ အခက်ခဲဆုံးဖြစ်ခဲ့ပါသည်။

ထိုစဉ်က လူတစ်ယောက်ကို ဒုက္ခပေးချင်လျှင် အလွန်လွယ်ပါသည်။ ရန်ငြိုးရှိဖူးသော၊ မကျေနပ်ချက်ရှိသော မည်သူ့ကိုမဆို လက်စားချေချင်လျှင်လည်း ဘာမျှမခဲယဉ်းပေ။ ထောက်လှမ်းနေတယ်၊ အဆိပ်လိုက်ခတ်နေတယ်ဟု ဦးရာလူက လက်ညှိုးထိုးစွပ်စွဲလိုက်ရုံနှင့် ထိုလူမှာ ခေါင်းဖြတ်အသတ်ခံရတော့မည် ဖြစ်သည်။ ပြည်သူတိုင်းအတွက် ဘဝလုံခြုံမှုမရှိတော့ပါ။ ကိုယ့်အိမ်ကို ဘယ်တော့လုယက်ဖျက်ဆီးခံရမလဲဆိုပြီး ကြိုးလန့်စာစားဖြစ်ခဲ့ကြရပါသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အထူးလိုအပ်နေချိန်ပင်ဖြစ်ပါသည်။

ထိုအချိန်ထိုကာလတွင် ပြည်တွင်းပြည်ပ အဖျက်သမားအမျိုးမျိုးသည် ရည်မှန်းချက်ကိုယ်စီဖြင့် ပါဝင်လှုပ်ရှားခဲ့ကြသည်ကို အောက်ပါအတိုင်း လေ့လာဆန်းစစ်တွေ့ရှိနိုင်ပါသည်–

ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)သည် ၁၉၄၈ ခုနှစ်က ၎င်းတို့ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း မြေပေါ်ဆူပူမှုနှင့် မြေအောက် လက်နက်ကိုင်တိုက်ပွဲများကို ဆက်စပ်၍ အာဏာကို ဖြတ်လမ်းမှရယူရန် ကြိုးပမ်းခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသော ပြည်ပြေးဟောင်းများနှင့် အဆက်အနွယ်များသည်လည်း အနောက်အုပ်စု၏ ထောက်ပံ့ကူညီမှုဖြင့် ၎င်းတို့အာဏာပြန်လည်ရရှိရေး ဦးတည်ဆောင်ရွက်ခဲ့ကြသည်။

ခါတော်မီ ပေါ်ပင်နိုင်ငံရေးသမားများကလည်း နိုင်ငံရေးအတွေ့အကြုံနှင့် နိုင်ငံရေးအစဉ်အလာမရှိသည့်တိုင် ပွဲလှန့်ပြီး ဖျာခင်းသောနည်းဖြင့် ခေါင်းဆောင်နေရာကို တက်ယူကာ ရောယိမ်းပြီး လှုပ်ရှားကြသည်။ အပေါစားနိုင်ငံရေးနည်းလမ်းများဖြင့် အာဏာကို အချောင်ရရှိအောင် ဆောင်ရွက်ခဲ့ကြသည်။

အနောက်ဆရာကြီးများကမူ မြန်မာနိုင်ငံအား ၎င်းတို့အာဏာစက်အတွင်း သွတ်သွင်းပြီး ၎င်းတို့ဩဇာခံမည့် ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် မဆီမဆိုင် ဝင်ရောက်စွက်ဖက်ခဲ့ကြပြန်သည်။

ဗကပသည် အရေးအခင်းကာလအတွင်း ယူဂျီများမှတစ်ဆင့် ဆူပူအုံကြွမှုကို နေမြင့်လေ အရှုးရင့်လေဖြစ်အောင် ပုံသွင်းလုပ်ဆောင်ခဲ့သည်။ ဗကပတို့အတွင်း၌ ကျင့်သုံးခဲ့သော ဖြုတ်၊ ထုတ်၊ သတ်ပုံစံမျိုးကို ဆူပူအကြမ်းဖက်သူများအတွင်း သွတ်သွင်းလှုပ်ရှားခဲ့ကြသည်။

ဗကပ၏ ဖြုတ်၊ ထုတ်၊ သတ် လမ်းစဉ်တွင် ဘဝဟစ်တိုင်လှုပ်ရှားမှုလုပ်ပြီး မိမိဘဝ၏နာကျည်းချက်များကို ဟုတ်တာရော၊ မဟုတ်တာရော ရောနှောဖော်ထုတ်သည်။ လူအုပ်စုကို ဒေါသဖြစ်အောင် စိတ်ပညာနည်းများဖြင့် နှိုးဆွသည်။ အပြစ်အားလုံးကို ပုံချရန် တရားခံရှာခြင်းဖြစ်သည်။

ဗကပယူဂျီများ၏ ဆူပူအုံကြွရေးလှုပ်ရှားမှုနှင့် ၁၉၈၈ နောက်ပိုင်း၌ အနောက်အုပ်စုသူလျှိုများ၏ ဆူပူအုံကြွရေး လှုပ်ရှားမှုမှာ ပုံစံချင်းတူနေသည်ကို လေ့လာတွေ့ရှိရသည်။ ဗကပတို့၏ အာဏာနီ တည်ဆောက်ရေးလမ်းစဉ်နှင့် ပြည်ပြေးများ၊ သောင်းကျန်းသူများအား ပို့ချခဲ့သော အနောက်အုပ်စု သူလျှိုဂျင်းရှပ်(ပ်)ဆိုသူ၏ နည်းနာမှာ ထပ်တူညီမျှဖြစ်နေပါသည်။

ဗကပယူဂျီများသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုခဲ့ချိန်တွင် အမျိုးသားနိုင်ငံရေး တပ်ပေါင်းစု(မနတ)၊ ပြည်သူ့တိုးတက်ရေးပါတီနှင့် အမြဲစိမ်းလူငယ်များအဖွဲ့တို့ကို တရားဝင်မှတ်ပုံတင်၍ ထူထောင်ပြီး ဆူပူအုံကြွရေးကို ဦးတည်လှုပ်ရှားခဲ့သည်။ ထိုပါတီများကို ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့၌ ပယ်ဖျက်အရေးယူခဲ့ရသည်။ ဗကပယူဂျီများသည် အခြားနိုင်ငံရေးပါတီအသီးသီးသို့လည်း ဝင်ရောက်ထိုးဖောက်၍ နေရာယူခဲ့ကြသည်။ လျှို့ဝှက်အဖွဲ့အစည်းများဖွဲ့ပြီး နိုင်ငံရေးလှုံ့ဆော်သူများကို မြှောက်ပင့်သိမ်းသွင်းခဲ့ကြသည်။

အလားတူ ပြည်သူတို့၏ ဒီမိုကရေစီတောင်းဆိုမှုနောက်ကွယ်တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြိုကွဲစေရန် အနောက်အုပ်စု၏ သွေးတိုးစမ်းမှုများလည်း ပါဝင်လာကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ၁၂–၉–၈၈ ရက်စွဲဖြင့် ဆူပူအကြမ်းဖက်သူများက ၂၄ နာရီ ကြိုတင်သတိပေးကြေညာခြင်းဟူသော စာတစ်စောင်ကို ဖြန့်ဝေပြီး ရန်ကုန်မြို့အတွင်း အမြောက်လက်နက်များဖြင့် ပစ်ခတ်မည်ဟူ၍ ကြိုတင်အကွက်ဆင်ခဲ့ကြသည်။ ထိုစာတွင် တာဝန်ရှိသူများ၏အမည်ကို လိမ်လည်ထည့်သွင်းကာ လက်မှတ်အတုရေးထိုးပြီး ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ကြိုတင်အကွက်ဆင် ကြေညာခဲ့သည့်အတိုင်းပင် စက်တင်ဘာလ ၁၂ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဘက် မြန်မာ့ရေပိုင်နက် ရေမိုင် ၁၉၀ ခန့်အကွာတွင် အမေရိကန်ရေတပ်သင်္ဘောအုပ်စုတစ်ခု ရောက်ရှိနေကြောင်းကို ကြယ်ငါးပွင့်ကော်ပိုရေးရှင်းပိုင် အင်းဝသင်္ဘောက တွေ့ရှိခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ တပ်မတော်က အမေရိကန်သံရုံးကိုမေးမြန်းရာ ၎င်းတို့က အံ့အားသင့်စွာဖြင့် ဟုတ်မှန်ကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေ ရှုပ်ထွေးလာပါက အမေရိကန်သံရုံးမိသားစုများနှင့် ၎င်းနိုင်ငံသားများကို ကယ်တင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်။ သို့ရာတွင် ၎င်းတို့ကယ်တင်မည်ဆိုသော အမေရိကန်သံရုံးမှ မိသားစုများအပါအဝင် အခြားသံရုံးမှ မိသားစု ၂၆၇ ဦးသည် စက်တင်ဘာလ ၁၁ ရက်နေ့ကပင် စင်လုံးငှားလေယာဉ်ဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားနှင့်ခဲ့ကြပြီးဖြစ်သည်။

ထိုစဉ်ကပင် အမေရိကန်သံအမတ်နှင့် အမေရိကန်အထက်လွှတ်တော်အမတ်ဆိုသူတို့သည် ခါတော်မီ နိုင်ငံရေးသမားများထံ ဝင်ထွက်ပြီး ကြားဖြတ်အစိုးရဖွဲ့စည်းရန် အခါတော်ပေးခဲ့ကြသည်။ အစိုးရတာဝန်ရှိသူများကိုလည်း ကြားဖြတ်အစိုးရဖွဲ့စည်းပေးရန် တွန်းအားပေးပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ကြသည်။ နောက်ပိုင်း၌လည်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ် မယ်ဒလင်းအောလ်ဘရိုက် မြန်မာနိုင်ငံသို့ လာရောက်ပြီး ခလောက်ဆန်ခဲ့သဖြင့် NLD မှ ကိုယ်စားလှယ်များ အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာသွားခဲ့ကြသည်ကို အားလုံး အသိပင်ဖြစ်သည်။

၁၉၈၈ ခုနှစ် အရေးအခင်းမှစ၍ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့သော အမေရိကန်နိုင်ငံသည် တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူပြီးလျှင်ပြီးချင်း မြန်မာနိုင်ငံအား စစ်ရေးနှင့် စီးပွားရေးအကူအညီများ ဖြတ်တောက်ပစ်ခဲ့သည်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပြီး NLD အား အာဏာလွှဲပေးရန် ဆက်တိုက်ဖိအားပေးခဲ့သည်။ ၁၉၉၇ ခုနှစ်၌ မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအားလုံးကို ပိတ်ပင်သည့်ဥပဒေကို အမေရိကန်ကွန်ဂရက်က အတည်ပြုခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်က မြန်မာနိုင်ငံမှ သွင်းကုန်အားလုံးကို တားမြစ်လိုက်သည့်အပြင် နိုင်ငံရပ်ခြားရှိ မြန်မာတို့၏ ပိုင်ဆိုင်မှုအစုစုကိုလည်း ထုတ်မပေးရန် အမိန့်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့သည်။

အလားတူပင် အနောက်အုပ်စုလက်ဝေခံ အသံလွှင့်ဌာနများကလည်း ၁၉၈၈ ခုနှစ် အရေးအခင်းကို မီးလောင်ရာလေပင့်လုပ်ခဲ့ကြသည်။ ဆူပူအကြမ်းဖက်သူများ ချိန်ကိုက်လှုပ်ရှားနိုင်ရန်အတွက် နေ့စဉ်အစီအမံများကို ထုတ်လွှင့်ချမှတ်ပေးခဲ့သည်။ ဆူပူအကြမ်းဖက်သူများ၏မင်းမဲ့စရိုက်ကို ဖုံးကွယ်ပုံဖျက်နိုင်ရန်အတွက် မဟုတ်မမှန် လုပ်ကြံသတင်းများကိုထုတ်လွှင့်ပြီး လမ်းလွှဲပေးခဲ့ကြသည်။ ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂါးနက်ဆိုသူသည် ဆူပူအကြမ်းဖက်သူတချို့နှင့် ပူးပေါင်းဇာတ်တိုက်ကာ ကျောင်းသူအချို့ အဓမ္မပြုကျင့်ခံရသည်ဟူ၍ လုပ်ဇာတ်ဆင်ပြီး ဇာတ်နာအောင် ဖန်တီးထုတ်လွှင့်ခဲ့သည်။ ဘီဘီစီ၏လုပ်ရပ်မှာ ၁၉၆၃ ခုနှစ်နောက်ပိုင်း ပဲခူးရိုးမ၌ ဗကပတို့ အကွက်ဆင်ဖန်တီးခဲ့သည့် ဘဝဟစ်တိုင်လှုပ်ရှားမှုနှင့် တစ်ထပ်တည်းဖြစ်နေသည်ကို တွေ့ရှိရသည်။

ဗကပဗဟိုသည် တပ်မတော်၏ထိုးစစ်ကြောင့် စိတ်ဓာတ်ကျဆင်းနေသော လက်အောက်ငယ်သားများအား သွေးထိုးလှုံ့ဆော်သည့်အနေဖြင့် ဘဝဟစ်တိုင်လှုပ်ရှားမှုကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ ထိုလှုပ်ရှားမှုတွင် ဗကပတပ်နီအမျိုးသမီးအချို့က ၎င်းတို့အသီးသီးအား ဓနရှင်မြေရှင် ဦးဘယ်သူက မတရားပြုကျင့်သည်၊ တပ်မတော်က မတရားပြုကျင့်သည်ဟူသော မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းများကို မျက်ရည်လည်ရွဲ ငိုပွဲဆင်ကာ ကြားရသူများ ခံပြင်းဒေါသထွက်အောင် နှိုးဆွခဲ့ကြသည်။ ၎င်းတို့၏ မှားယွင်းနေသောလမ်းစဉ်နှင့် လုပ်ရပ်ကို ဖာထေးရန်အတွက် ဓားစာခံကို ပစ်မှတ်ထားပြီး လုပ်ကြံစွပ်စွဲခဲ့ကြသည်။ နောက်ပိုင်းကာလတစ်လျှောက်တွင်လည်း ထိုနည်းလမ်းကိုပင် ကျင့်သုံးကာ နယ်ချဲ့နောက်လိုက်များ၊ SSA-S နှင့် အပေါင်းပါအဖွဲ့များက Licensed to Rape ဟူသော လုပ်ကြံစွပ်စွဲမှုကို ဖန်တီးလာခဲ့ကြောင်း ဆက်စပ်တွေ့ရှိရမည်ဖြစ်သည်။

ယင်းကာလနှင့် တစ်ဆက်တစ်စပ်တည်းမှာပင် ဗကပတို့က ၂၃–၉–၈၈ ရက်နေ့မှစ၍ အင်အားအလုံးအရင်းဖြင့် မိုင်းယန်းမြို့ကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။ KNU တို့ကလည်း ၂၆–၉–၈၈ ရက်နေ့မှစ၍ မဲသဝေါဒေသကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ တပ်မတော်သည် အခက်အခဲအကျပ်အတည်းမျိုးစုံကို ရင်ဆိုင်နေရသည့်ကြားမှပင် အချုပ်အခြာအာဏာ လက်လွတ်မဆုံးရှုံးစေရေးအတွက် တပ်မတော်သားတို့၏ အသက်သွေးများစွာ ပေးဆပ်ကာ သောင်းကျန်းသူတို့၏ ထိုးစစ်ကြီးများကို တွန်းလှန်ချေမှုန်းနိုင်ခဲ့သည်။

သို့ရာတွင် တပ်မတော်အစိုးရသည် အမျိုးသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်အောင် လမ်းဖွင့်ပေးခဲ့သည်။ တပ်မတော်၏စေတနာမှန်နှင့် ဖြူစင်သောလုပ်ရပ်ကို နားလည်သဘောပေါက်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။ အရှေ့မြောက်ဒေသမှ ဗကပ(ဗဟို)သည်လည်း ၎င်းတို့၏ မှားယွင်းသောလမ်းစဉ်နှင့် လုပ်ရပ်ကြောင့် ကိုယ့်ဇာတ်ကိုယ်မနိုင်ဘဲ ပြိုကွဲခဲ့ရသည်။ ကွန်မြူနစ်ဝါဒကိုတိုက်ဖျက်ပြီး ဒီမိုကရေစီထွန်းကားရေးကို လိုလားသည်ဆိုသော အနောက်ဆရာကြီးများသည် ဗကပပြိုကွဲပျက်စီးသွားမှုကိုပင် အားရဝမ်းသာမဖြစ်နိုင်ခဲ့ကြောင်း တွေ့ရသည်။ တပ်မတော်က KNU တို့၏ အခိုင်အမာစခန်းများကို တိုက်ခိုက်သိမ်းပိုက်သည့်အခါတွင်မူ ထိုးစစ်ရပ်ဆိုင်းပေးရန်ဟူ၍ ငယ်သံပါအောင် ထအော်ခဲ့ကြသည်။ နယ်စပ်ဒေသ၌ KNU တို့ ရပ်တည်ခိုအောင်းနိုင်ရန်အတွက် ဒုက္ခသည်စခန်းများကို တီထွင်ဖန်တီးကာ တစ်ဖက်လှည့်နှင့် အားပေးအားမြှောက်ပြုခဲ့ကြသည်။

ပြည်တွင်းမှ ခါတော်မီ နိုင်ငံရေးသမားများကလည်း အရေးအခင်းတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးအရေးယူနေသည်ဟု ကောလာဟလများ ထုတ်လွှင့်ကာ အကြမ်းဖက်ဆူပူသူအချို့ကို ပြည်ပြေးဘဝသို့ ရောက်ရှိအောင်၊ လက်နက်ကိုင်သောင်းကျန်းသူများဖြစ်အောင် တွန်းပို့ခဲ့ကြသည်။ ပြည်တွင်းနိုင်ငံရေးသမားဆိုသူများသည် သောင်းကျန်းသူစခန်းများသို့ ဥဒဟိုသွားလာဆက်သွယ်ခဲ့ကြသည်။ ပြည်ပြေးများ၊ သောင်းကျန်းသူများကလည်း ပြည်တွင်းရှိ နိုင်ငံရေးပါတီရုံးများသို့ လျှို့ဝှက်ဝင်ရောက်နေထိုင်သည်အထိ ဖြစ်လာခဲ့သည်။ ဒုက္ခသည်စခန်းအမည်ခံ သောင်းကျန်းသူစခန်းများသို့ အနောက်ဆရာကြီးများ၏ သံတမန်ဆိုသူများ၊ လက်ဝေခံအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကလည်း ခြေချင်းလိမ်အောင် ဝင်ထွက်သွားလာခဲ့ကြသည်။ ငွေကြေးကူညီထောက်ပံ့မှုများ ပြုလုပ်ရုံမက နိုင်ငံရေးအန်တုမှုသင်တန်းများ၊ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ အဆက်မပြတ်ပေးခဲ့ကြသည်။

ပြည်တွင်းပြည်ပ ပူးပေါင်းပြီး အာဏာဖီဆန်ရေး ဆူပူအုံကြွမှုဖြစ်ပေါ်အောင် လုပ်ဆောင်လာခြင်းကို ၎င်းတို့အကြောင်း ကောင်းကောင်းကြီးသိထားသော ပြည်သူလူထုက လုံးဝလိုလားထောက်ခံမှုမပြုသောအခါ ပြည်ပဆရာကြီးများနှင့် လက်ပါးစေများက မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်သော လုပ်ကြံစွပ်စွဲမှုအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်လာကြပြန်သည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် အားနည်းချက်များရှိနေသည်၊ လူ့အခွင့်အရေးချိုးဖောက်နေသည်၊ နိုင်ငံရေးအကျဉ်းသားများအား ဖမ်းဆီးထိန်းသိမ်းထားသည်၊ အဓမ္မလုပ်အားပေးခိုင်းစေမှုများ ရှိနေသည်၊ ကလေးစစ်သားများ အသုံးပြုနေသည် စသည့် စွပ်စွဲမှုများဖြင့် နှစ်စဉ် အစီရင်ခံစာများ ထုတ်ပြန်ကာ တစ်ဖက်သတ် ဖိအားပေးခဲ့ပြန်သည်။

ထိုကာလမှာပင် NLD ပါတီ၌
ဆိုပြီး အကွဲအပြဲများ ဖြစ်ခဲ့ကြသည်။
လူငယ်ခေါင်းဆောင်များနှင့် ဗကပယူဂျီမှ
အရှုပ်အထွေးများ ဖြစ်ပေါ်ခဲ့သည်။
က အမိန့်အာဏာဟူသမျှ ဆန့်ကျင်
ရေးလမ်းကြောင်းကို ချမှတ်ဖော်ဆောင်
အောင် ကာကွယ်တည့်မတ်ပေးနေသေ
အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ပြီး
က NLD အာဏာရရှိရေးကို ဒီမိုက
ခံယူလုပ်ဆောင်ခဲ့ကြသည်။

အမေရိကန်အစိုးရ၏ နိုင်ငံခြားဝန်
အောလ်ဘရိုက်နှင့် အပေါင်းပါများက
အတွင်း၌ လူထုပေါက်ကွဲမှုကြီးဖြစ်စေ
အချက်ပြခဲ့သည်။ ပြည်ပြေးဝရမ်းပြေ
ဝင်ရောက်ပြီး ကိုးလေးလုံးအထိမ်းအမှတ်
လှုံ့ဆော်စာများ ဖြန့်ဝေနေစဉ် သက်ဆို
အရေးယူခဲ့ရသည်။ ဩဂုတ်လ ၉ ရက်နေ့
ခြောက်ဦး၊ ထိုင်းနိုင်ငံသား နှစ်ဦး၊ မ
အပါအဝင် နိုင်ငံခြားသား ၁၈ ဦးက
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဈေးနှင့်
ရှစ်လေးလုံးနေ့ မမေ့ကြနှင့်ဟူသော မြန်မ
ရေးထားသည့် လှုံ့ဆော်စာများကို ဖြန့်
ဝိုင်းဝန်းဖမ်းဆီးပြီး သက်ဆိုင်ရာသို့ အပ်နှံ
ဆူပူမှုလှုံ့ဆော်ရေးသမား ၁၈ဦးသည်
national Organization for De
အဖွဲ့မှတစ်ဆင့် ထိုင်းနိုင်ငံရှိ Alterna
on Burma အဖွဲ့ကို အသုံးချပြီး မြန်မ
ခြင်းဖြစ်သည်။

ယင်းသို့ **ပြည်တွင်းပြည်ပပူးပေါ
ဆူပူအုံကြွမှုဖြစ်ပေါ်အောင် လုပ်ဆေ
အကြောင်း ကောင်းကောင်းကြီးသိထာ
လုံးဝ လိုလားထောက်ခံမှုမပြုသောအခါ
လက်ပါးစေများက မြန်မာနိုင်ငံအပေါ်
စွပ်စွဲမှုအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်
ဆေးဝါးတိုက်ဖျက်ရာတွင် အားနည်းချ
အရေးချိုးဖောက်နေသည်၊ နိုင်ငံရေးအက
ထိန်းသိမ်းထားသည်၊ အဓမ္မလုပ်အားပေ
ကလေးစစ်သားများ အသုံးပြုနေသည်
နှစ်စဉ်အစီရင်ခံစာများထုတ်ပြန်ကာ တ
ပြန်သည်။**

ပြည်ပြေးသောင်းကျန်းသူများက
အခင်းကာလက ဘီဘီစီလုပ်ခဲ့သည့်အ
ချိတ်ဆက်၍လည်းကောင်း၊ ပြည်တွင်းမှ
ချိတ်ဆက်၍လည်းကောင်း မြန်မာနို
သတင်းများကိုရယူပြီး နိုင်ငံတကာသို့
ပြည်ပဆရာကြီးများ၏ လက်ပါးစေ
နယ်စပ်၌ ခိုကပ်နေရသည့် သောင်းကျန်
မဟုတ်မဟုတ်လုပ်ဇာတ်ခင်းထားသော
ထုတ်လွှင့်ဖြန့်ဝေခဲ့ကြသည်။ နိုင်ငံတက
ဖြစ်အောင် မီဒီယာအားသာချက်ဖြင့် ယ
စဉ်မှာပင် ပြည်တွင်း၌ မတည်မငြိမ်မှုမ
ဖြစ်အောင် ဖောက်ခွဲရေးသမားများ စေ
မှုများ ပြုလုပ်ခဲ့ကြသည်။

ထိုကာလတစ်လျှောက်လုံးမှာပင်
သံတမန်များ၊ ဝန်ထမ်းများသည် NLD
ဥဒဟိုဝင်ထွက်သွားလာနေခဲ့ကြသည်။
ညှော့ခံကျွေးမွေးကြသည်။ NLD ဗဟိုအ
ဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။
ကြသည်။ NLD က ကျင်းပသော
တက်ရောက်ကြသည်။ မြန်မာနိုင်ငံအန
ရုံးများသို့လည်း အိမ်ဦးနှင့်ကြမ်းပြင်ပမ
၂၀၀၅ ခုနှစ် မတ်လတစ်လတည်းမှ
NLD ရုံးသို့ ဝင်ထွက်သွားလာမှုအကြိမ်
သိရရာ ရုံးပိတ်ရက်များမှအပ တစ်နေ့
ဝင်ထွက်သွားလာနေကြောင်း တွေ့ရှိ

...နှင့် သတိပြုသင့်သော အမှန်(၂)

စိုးမြကျော်နှင့် စောမြအောင်

ထိုကာလမှာပင် NLD ပါတီ၌ ဗကပများ ဝန်းရံနေသည်ဆိုပြီး အကွဲအပြဲများ ဖြစ်ခဲ့ကြသည်။ မြေပေါ်နိုင်ငံရေးပါတီအချို့မှ လူငယ်ခေါင်းဆောင်များနှင့် ဗကပယူဂျီများ၏ ဆက်စပ်ပတ်သက်မှု အရှုပ်အထွေးများ ဖြစ်ပေါ်ခဲ့သည်။ များမကြာမီမှာပင် NLD က အမိန့်အာဏာဟူသမျှ ဆန့်ကျင်ကြဟူသော အာဏာဖီဆန်ရေးလမ်းကြောင်းကို ချမှတ်ဖော်ဆောင်ခဲ့သည်။ နိုင်ငံတော်မပြိုကွဲအောင် ကာကွယ်တည့်မတ်ပေးနေသော တပ်မတော်အစိုးရအား အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ပြီး တပ်မတော်အစိုးရပြုတ်ကျကာ NLD အာဏာရရှိရေးကို ဒီမိုကရေစီရေးဟူ၍ လွဲမှားစွာ ခံယူလုပ်ဆောင်ခဲ့ကြသည်။

အမေရိကန်အစိုးရ၏ နိုင်ငံခြားဝန်ကြီးဖြစ်လာခဲ့သူ မယ်ဒလင်း အောလ်ဘရိုက်နှင့် အပေါင်းပါများက ၁၉၉၈ ခုနှစ် ဩဂုတ်လအတွင်း၌ လူထုပေါက်ကွဲမှုကြီးဖြစ်တော့မည်ဟု နှပ်ကြောင်းပေးအချက်ပြခဲ့သည်။ ပြည်ပြေးဝရမ်းပြေးများက ပြည်တွင်းသို့ ဝင်ရောက်ပြီး ကိုးလေးလုံးအထိမ်းအမှတ် ဆူပူအုံကြွမှုများဖြစ်အောင် လှုံ့ဆော်စာများ ဖြန့်ဝေနေစဉ် သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ရသည်။ ဩဂုတ်လ ၉ ရက်နေ့တွင် အမေရိကန်နိုင်ငံသား ခြောက်ဦး၊ ထိုင်းနိုင်ငံသား နှစ်ဦး၊ မလေးရှားနိုင်ငံသား သုံးဦး အပါအဝင် နိုင်ငံခြားသား ၁၈ ဦးက ရန်ကုန်မြို့ လူစည်ကားရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဈေးနှင့် အခြားနေရာအချို့တွင် ရှစ်လေးလုံးနေ့ မမေ့ကြနှင့်ဟူသော မြန်မာ–အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးထားသည့် လှုံ့ဆော်စာများကို ဖြန့်ဝေနေစဉ် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။ ၎င်းနိုင်ငံခြားသား ဆူပူမှုလှုံ့ဆော်ရေးသမား ၁၈ဦးသည် အမေရိကန်နိုင်ငံရှိ International Organization for Democracy in Burma အဖွဲ့မှတစ်ဆင့် ထိုင်းနိုင်ငံရှိ Alternative Asean Network on Burma အဖွဲ့ကို အသုံးချပြီး မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ယင်းသို့ **ပြည်တွင်းပြည်ပပူးပေါင်းပြီး အာဏာဖီဆန်ရေး ဆူပူအုံကြွမှုဖြစ်ပေါ်အောင် လုပ်ဆောင်လာခြင်းကို ၎င်းတို့အကြောင်း ကောင်းကောင်းကြီးသိထားသော ပြည်သူလူထုကလုံးဝ လိုလားထောက်ခံမှုမပြုသောအခါ ပြည်ပဆရာကြီးများနှင့် လက်ပါးစေများက မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်သော လုပ်ကြံစွပ်စွဲမှုအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်လာကြပြန်သည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် အားနည်းချက်များရှိနေသည်၊ လူ့အခွင့်အရေးချိုးဖောက်နေသည်၊ နိုင်ငံရေးအကျဉ်းသားများအား ဖမ်းဆီးထိန်းသိမ်းထားသည်၊ အဓမ္မလုပ်အားပေးခိုင်းစေမှုများ ရှိနေသည်၊ ကလေးစစ်သားများ အသုံးပြုနေသည် စသည့် စွပ်စွဲမှုများဖြင့် နှစ်စဉ်အစီရင်ခံစာများထုတ်ပြန်ကာ တစ်ဖက်သတ် ဖိအားပေးခဲ့ပြန်သည်။**

ပြည်ပြေးသောင်းကျန်းသူများကလည်း ၁၉၈၈ ခုနှစ် အရေးအခင်းကာလက ဘီဘီစီလုပ်ခဲ့သည့်အတိုင်းပင် ပြည်တွင်းပြည်ပ ချိတ်ဆက်၍လည်းကောင်း၊ ပြည်တွင်းမှ နိုင်ငံရေးပါတီဝင်များနှင့် ချိတ်ဆက်၍လည်းကောင်း မြန်မာနိုင်ငံအတွင်း မဟုတ်မမှန် သတင်းများကိုရယူပြီး နိုင်ငံတကာသို့ ပေးပို့ဖြန့်ဝေခဲ့ကြသည်။ ပြည်ပဆရာကြီးများ၏ လက်ပါးစေ အဖွဲ့အစည်းများကလည်း နယ်စပ်၌ ခိုကပ်နေရသည့် သောင်းကျန်းသူများထံ သွားရောက်ပြီး မဟုတ်မဟတ်လုပ်ဇာတ်ခင်းထားသော အစီရင်ခံစာများကို ရေးသားထုတ်လွှင့်ဖြန့်ဝေခဲ့ကြသည်။ နိုင်ငံတကာမှ ထင်ပေါ်ထင်ရှား ဖြစ်အောင် မီဒီယာအားသာချက်ဖြင့် ယင်းသို့ တိုက်ကွက်ဆင်နေစဉ်မှာပင် ပြည်တွင်း၌ မတည်မငြိမ်မှုများ၊ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်အောင် ဖောက်ခွဲရေးသမားများ စေလွှတ်ကာ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုကာလတစ်လျှောက်လုံးမှာပင် အနောက်အုပ်စုသံရုံးများမှ သံတမန်များ၊ ဝန်ထမ်းများသည် NLD ရုံးချုပ်သို့ နေ့စဉ်နှင့်အမျှ ဥဒဟိုဝင်ထွက်သွားလာနေခဲ့ကြသည်။ အပြန်အလှန်လည်ပတ်ပြီး ညှော်ခံကျွေးမွေးကြသည်။ NLD ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။ စာပေးစာယူများ ပြုလုပ်ကြသည်။ NLD က ကျင်းပသော အခမ်းအနားဟူသမျှကို တက်ရောက်ကြသည်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ NLD ရုံးများသို့လည်း အိမ်ဦးနှင့်ကြမ်းပြင်ပမာ သွားရောက်ခဲ့ကြသည်။ ၂၀၀၅ ခုနှစ် မတ်လတစ်လတည်းမှာပင် သံတမန်ဆိုသူများ NLD ရုံးသို့ ဝင်ထွက်သွားလာမှုအကြိမ်ပေါင်း (၅၁)ကြိမ်ရှိကြောင်း သိရရာ ရုံးပိတ်ရက်များမှအပ တစ်နေ့လျှင် အနည်းဆုံးနှစ်ကြိမ် ဝင်ထွက်သွားလာနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ယင်းသို့ဖြစ်ပျက်နေချိန်တွင် မြန်မာနိုင်ငံအပေါ် အနောက်ဆရာကြီးများနှင့် လက်ပါးစေများ အကြိမ်ကြိမ် လုပ်ကြံစွပ်စွဲနေသည့် စွပ်စွဲမှုအမျိုးမျိုးကိုစုစည်းပြီး မြန်မာနိုင်ငံ၏အခြေအနေ–လုံခြုံရေးကို ခြိမ်းခြောက်နေခြင်းဟူသည့် အစီရင်ခံစာကို ချက်သမ္မတဟောင်းဟာဗဲလ်နှင့် တောင်အာဖရိကမှ နိုဘယ်ဆုရှင် ဘုန်းတော်ကြီးတူးတူးတို့က ကမ္ဘာကထပြုတင်သွင်းသည်ဟုဆိုကာ မြန်မာနိုင်ငံ၏ အရေးကို ကုလသမဂ္ဂက အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုလာခဲ့ကြသည်။ မရှေးမနှောင်းမှာပင် ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး လုပ်ငန်းရန်ပုံငွေအဖွဲ့ကို မြန်မာနိုင်ငံမှ အကြောင်းပြထွက်ခွာစေပြီး မြန်မာအစိုးရအပေါ် အပြစ်ပုံချကာ ဖိအားပေးခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အနောက်အုပ်စု လက်ပါးစေ အသံလွှင့်ဌာနများ ကလည်း ပြည်တွင်း၌ တည်ငြိမ်မှုပျက်ပြားစေရန်နှင့် ကုန်ဈေးနှုန်းများ ကမောက်ကမ ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းအမျိုးမျိုးကို ဇောင်းပေးပြီး သပ်လျှိုထုတ်လွှင့်ခဲ့ကြသည်။

ဟာဗဲလ်နှင့်တူးတူးတို့၏ အစီရင်ခံစာကို အကြောင်းပြုပြီး အမေရိကန်အစိုးရက မြန်မာနိုင်ငံ၏အရေးသည် ဒေသလုံခြုံရေးနှင့် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်နေသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ပေးရန် စိမံတောင်းဆိုပြီး ဖိအားပေးခဲ့ပြန်သည်။ ပြည်တွင်းမှ မျိုးဆက်သစ်ဆိုသူများကလည်း မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်ပညာရေးအခြေအနေ အလွန်ဆိုးရွားနေသဖြင့် နိုင်ငံတကာမှအကူအညီပေးရန်ဟူ၍ ခါတော်မီ ထုတ်ပြန်ကြေညာခဲ့ကြပြန်သည်။

မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး ဒေသနှင့် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ သောင်တင်နေချိန်တွင် ရန်ကုန်မြို့ရှိ အနောက်အုပ်စုသံရုံးအချို့နှင့် NLD ပါတီတို့ အချိတ်အဆက်ပြုလုပ်ကာ တရားမဝင်သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ကြပြန်သည်။ NLD မှတာဝန်ရှိသူများသည် အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့နှင့်ဆက်သွယ်ပြီး ဗြိတိသျှသံရုံး၌ဖွင့်လှစ်သော အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းနှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကို လည်းကောင်း၊ အမေရိကန်စင်တာတွင်ဖွင့်လှစ်သော အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသင်တန်းနှင့် ကမ္ဘာလုံးဆိုင်ရာနည်းပညာ ဖြန့်ကြက်မှုသင်တန်းတို့ကို လည်းကောင်း NLD ပါတီဝင်များအား အခမဲ့ တက်ရောက်သင်ကြားစေခဲ့သည်။ ၎င်းသင်တန်းများသို့ NLD မှ ဒုတိယတန်းစားခေါင်းဆောင်များနှင့် လွှတ်တော်ကိုယ်စားလှယ်အချို့ တက်ရောက်လျက်ရှိသည်။ ယင်းသင်တန်းများသည် အနောက်ဆရာကြီးများနှင့် ပြည်တွင်းမှ ပုဆိန်ရိုးများ၏ ဆရာမွေး၊ တပည့်မွေး သင်တန်းများသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေသည်။ ၎င်းသင်တန်းများတွင် အခြားမည်သည့်ဘာသာရပ်များကိုပါ သွတ်သွင်းသင်ကြားပေးနေသည်၊ ၎င်းတို့ရှေ့ဆက်မည့်အစီအမံများ မည်သို့ရှိသည်ကို ၎င်းတို့ကိုယ်တိုင် ပိုမိုသိရှိကြလိမ့်မည်ဖြစ်သည်။

အဆိုပါလုပ်ရပ်များနှင့် တစ်ဆက်တည်းမှာပင် NLD ပါတီက ပြည်ထောင်စုနေ့ အထူးကြေညာချက်အပါအဝင် ကြေညာချက်အမျိုးမျိုးကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအထူးကြေညာချက်များတွင် ဒေါ်စုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေး၊ ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရေးကို အဓိကထား တောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံ၌ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေများ ဆိုးဝါးနေသဖြင့် နိုင်ငံတကာမှ အကူအညီရယူရန်လိုအပ်ကြောင်း၊ နိုင်ငံတကာမှ အကူအညီပေးနိုင်ရန်အတွက် လက်ရှိနိုင်ငံတော်အစိုးရအား တရားဝင်အစိုးရဖြစ်အောင် လုပ်ဆောင်မှုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအား လွှတ်တော်ခေါ်ယူပေးရန်နှင့် လွှတ်တော်က လက်ရှိအစိုးရအား တရားဝင်အစိုးရအဖြစ် ကြေညာပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ NLD ၏ ကြေညာချက်အမျိုးမျိုးကို ကြည့်ပါက နိုင်ငံတကာနှင့် မြန်မာပြည်သူများ သို့လောသို့လော တွေးတောစရာဖြစ်အောင် လုပ်ကြံဝါဒဖြန့်မှုများ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ယင်းသို့ ပြည်တွင်းပြည်ပ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်နှင့် ပြည်ပြေးတိုက်ကွက်များ အဆက်မပြတ် လုပ်ဆောင်

၁၉–၆–၂၀၀၆ရက်နေ့က သံ ၂/၁ ကားဖြင့် ဗြိတိန်သံအမတ်ကြီးနှင့် သံအရာရှိတစ်ဦးတို့ NLD ဌာနချုပ်သို့ လာရောက်စဉ်။

၂၁–၆–၂၀၀၆ ရက်နေ့က သံ ၁/၄၃ ကားဖြင့် အမေရိကန်သံရုံးမှ ဝန်ထမ်းတစ်ဦး NLD ဌာနချုပ်သို့ လာရောက်စဉ်။

၆–၆–၂၀၀၆ ရက်နေ့က သံ ၄/၁ ကားဖြင့် ပြင်သစ်သံရုံးမှ သံအရာရှိတစ်ဦး NLD ဌာနချုပ်သို့ လာရောက်စဉ်။

ရင်း တစ်ပြိုင်တည်းမှာပင် ပြည်တွင်းပြည်ပအဖျက်သမားများနှင့် အနောက်အုပ်စုအသံလွှင့်ဌာနများ ချိတ်ဆက်ပြီး မြန်မာနိုင်ငံ၏ အရေးကိစ္စအပေါ် ပြည်ပ၏ ဝင်ရောက်ဖိအားပေးမှုကို အားပြုကာ ပြည်တွင်းဆူပူအုံကြွမှုဖြင့် ပေါင်းစပ်လုပ်ဆောင်မှုရမည်ဟူသော အယူအဆကို အဆက်မပြတ်သွတ်သွင်းလျက်ရှိကြောင်း လေ့လာဆန်းစစ် တွေ့ရှိနေရပါသည်။ ဗကပ လက်ကျန်များကလည်းကောင်း၊ NCUB နှင့်တကွ ပြည်ပြေးများကလည်းကောင်း၊ ပါတီနိုင်ငံရေးသမား၊ ဝါရင့်နိုင်ငံရေးသမား၊ မျိုးဆက်သစ် နိုင်ငံရေးသမား၊ တစ်ကိုယ်တော်နိုင်ငံရေးသမားဆိုသူများက လည်းကောင်း ပြည်တွင်းဆူပူအုံကြွမှုဖြင့် နိုင်ငံတော်အာဏာရယူရေး အယူအဆကို အကြိမ်ကြိမ်အထပ်ထပ်ပြောပြီး ဇွတ်အတင်း သွတ်သွင်းနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ယနေ့ကာလတွင် ပြည်တွင်းပြည်ပအဖျက်သမားအားလုံးက ပြည်တွင်းဆူပူအုံကြွမှုဖြစ်ပွားအောင် နည်းလမ်းအစုံစုံဖြင့်လုပ်ကြရန် သွေးထိုးလှုံ့ဆော်နေကြပါသည်။ ယင်းသို့ ပြည်တွင်းဆူပူအုံကြွမှုနည်းလမ်းမျိုးစုံကို ထုတ်လွှင့်ဖြန့်ဝေကာ ဖြတ်လမ်းမှ နိုင်ငံတော်အာဏာရယူရေးအယူအဆကို တစ်သံတည်း ပြိုင်တူအချိန်ကိုက် ကြွေးကြော်နေခြင်းသည် သွေးရိုးသားရိုး သဘောရိုးမဟုတ်ကြောင်း သိသာထင်ရှားလှပါသည်။ ဤဆောင်းပါးတွင် အဆင့်ဆင့်ဖော်ပြထားသည့်အတိုင်း ကြိုးကိုင်စီမံနေသူတစ်ဦးတည်းသော ပြည်ပဆရာကြီး၏ ကြိုတင်အကွက်ချပေးထားသည့် အစီအမံအတိုင်း အတိုင်အဖောက်ညီညီ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။ ပြည်ပဆရာကြီးဦးစီးသော ဤလုပ်ရပ်များသည် ၎င်း၏ဩဇာခံ လက်ကိုင်တုတ်ပုဆိန်ရိုးများ အာဏာရရှိရေးအတွက် မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ၊ ဉာဏ်နီဉာဏ်နက်အတိဖြင့် လုပ်ကြံနေခြင်းသာဖြစ်ကြောင်း လေ့လာဆန်းစစ် တွေ့မြင်ရမည်ဖြစ်ပါသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တိုးတက်အောင်မြင်လိုပါက ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ချက်အဓိကကျ တာဝန်ကျေပွန်မှုမရှိသောဝန်ထမ်းများအား ပြောင်းလဲတာဝန်ပေးမှုရှိလာမည်

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများအား အမှာ စကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်သည် ဇွန် ၁၉ရက်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီး ခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကမ်းနားလမ်းရှိ ပစ္စည်းစီမံရေးရာဌာနသို့ ရောက်ရှိရာ ပစ္စည်းစီမံရေးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းက ဌာနခွဲများအလိုက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုလည်းကောင်း၊ ဌာန၏ဝန်ထမ်းအင်အားများကို လည်းကောင်း၊ ပစ္စည်းများထားသိုတည်နေရာ ၁၇ နေရာ၌ ပစ္စည်းအမျိုးအစားလိုက် သီးခြားထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန်၊ လုပ်ငန်းဆိုင်ရာများ လုပ်ဆောင်ရာတွင် မှန်ကန်တိကျစွာ လုပ်ဆောင်သွားရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပစ္စည်းစီမံရေးဌာနဝင်းအတွင်းရှိ မြောင်းတကာ-လှိုင်သာယာ-ရေကြည် ဗို့အားမြင့် မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးအတွက် မှာယူထားသော ပါဝါထရန်စဖော်မာနှင့် ၎င်းတွင် တပ်ဆင်အသုံးပြုသော Oil Tank များကို လည်းကောင်း၊ ဘုရင့်နောင်၊လှိုင်သာယာဓာတ်အားခွဲရုံမှ တည်ဆောက်ရေးအတွက် မှာယူ ထားသော ကြွေသီးများကို လည်းကောင်း၊ ရွှေလီဓာတ်အားလိုင်း တည်ဆောက်ရေး အတွက် မှာယူထားသော ဓာတ်အားလိုင်း တည်ဆောက်ရေးပစ္စည်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် (G) ဂိုဒေါင်တွင် ထိန်းသိမ်းထားရှိသော ထားဝယ်-ကံပေါက်လိုင်းနှင့် ခွဲရုံပစ္စည်းများ၊ မြောက်နဝင်း ရေအားလျှပ်စစ်စက်ရုံမှ ပစ္စည်းများ၊ ဓာတ်အားခွဲရုံများ၏ ဂျင်နရေတာနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ (R4)ဂိုဒေါင်တွင် ထိန်းသိမ်းထားရှိသော အိမ်သုံးမီတာများကိုလည်းကောင်း၊(R3)ဂိုဒေါင်တွင် ထိန်းသိမ်းထားရှိသော စက်အရန်ပစ္စည်းများကိုလည်းကောင်း၊ (R2)ဂိုဒေါင်တွင် ထိန်းသိမ်းထားရှိသော ကြေးကြိုးများနှင့် (ACSR)ကြိုးများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်စပ်ပစ္စည်း

ယင်းနောက် ဝန်ကြီးသည် ထုပ်ပိုးဂိုဒေါင်တွင် ထားရှိသော ထရန်စဖော်မာနှင့် ရေအားစက်ရုံ အရန်ပစ္စည်းများကို လည်းကောင်း၊ Open Shed များ၌ နေရာချထား သိမ်းဆည်းထားသော ဓာတ်အားခွဲရုံ တည်ဆောက်ရေးပစ္စည်းများ ထည့်ထားသော ကုန်သေတ္တာများ၊ လိုင်းကြိုးများနှင့် လိုင်းဆက်စပ်ပစ္စည်းများ၊ Under Ground Cable များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေအားလျှပ်စစ်စက်ရုံမှ ပစ္စည်းများနှင့် ခွဲရုံများတွင် အသုံးပြုမည့် Gas Circuit - Breaker သေတ္တာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ပြောင်းလဲတာဝန်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ခရိုင်အုပ်ချုပ်ရေးမှူး ငါးဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ၅၁ ဦးတို့အား တွေ့ဆုံအမှာစကားပြောကြားရာတွင် ရန်ကုန်မြို့ရှိ နှစ်မြို့တွဲဖက်ထားရှိသော မြို့နယ်ရုံးများကို သီးခြားခွဲထုတ်၍ လုပ်ငန်းများလုပ်ကိုင်နိုင်ရန် စီစဉ်ထားကြောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တိုးတက်အောင်မြင်လိုပါက ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးပေါင်း ၅၅ ယောက်၏ စွမ်းဆောင်ချက်များသည် အဓိကကျကြောင်း၊ ဝန်ထမ်းများအားလုံး တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် လိုကြောင်းနှင့် တာဝန်ကျေပွန်မှု မရှိသော ဝန်ထမ်းများအား ပြောင်းလဲတာဝန် ပေးအပ်မှုများ ရှိလာမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးက မြို့နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိမြို့နယ်အတွင်းရှိ ထရန်စဖော်မာများ၊ လိုင်းကြိုးများ၊ လျှပ်စစ်ဓာတ်တိုင်များကို လိုက်လံစစ်ဆေးမှုများကို အမြဲမပြတ်လုပ်နေရန်၊ လမ်းမီးနှင့် ပတ်သက်၍ အဖွင့်အပိတ်ပြုလုပ်ရမည့် အချိန်များကို တိတိကျကျ လုပ်ကိုင်ကြရန်၊ CNG ဆိုင်များ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးတင်ပြသည်။

ဖြန့်ဝေပေးမှု

ယင်းနောက် ဓာတ်အားစနစ်ဌာန လက်ထောက်အင်ဂျင်နီယာချုပ် ဦးတင်မောင်ထွန်းက လျှပ်စစ်ဓာတ်အား ရရှိမှုပေါ်မူတည်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမှု အခြေအနေများကို လည်းကောင်း၊ သဘာဝဓာတ်ငွေ့သုံး စက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်က ရန်ကုန်မြို့ သဘာဝဓာတ်ငွေ့သုံး စက်ရုံလေးရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

စကားပြောနည်း အတတ်ပညာသင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် စကားပြောနည်း အတတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲကို ဇွန် ၁၉ ရက်က အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လူလူသန်း တက်ရောက် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လူလူသန်း၊ ရဲမှူး (ဦးစီး) ရဲမှူးကိုကိုကြီးနှင့် ဦးစီးအရာရှိများ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြီးမောင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ မှုခင်းဂျာနယ် တာဝန်ခံအယ်ဒီတာဒါရိုက်တာ မောင်ယဉ်ကျော်၊ အင်းစိန်မြို့နယ် သတင်းထောက် ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း) တို့က ပို့ချမည်ဖြစ်၍ သင်တန်းကာလမှာ ၁၄ ရက်ကြာမြင့်မည်ဖြစ်ပြီး ရန်ကုန်မြောက်ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ အရာရှိနှင့် အခြားအဆင့် ၅၀ တက်ရောက်ကြသည်။ (၆၁)

ဝိပဿနာတရားစခန်းများ ဖွင့်မည်

ရန်ကုန် ဇွန် ၂၁

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ-ဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး)က ဇွန်၂၃ရက်မှ ၂၉ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းရှိ သာဓုကာရီဓမ္မာရုံတွင်လည်းကောင်း၊ ဇူလိုင်၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲ အတွင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံတွင် လည်းကောင်း၊ ဝါတွင်းခုနစ်ရက်တရားစခန်းကို အုံကြီးအရှေ့ရပ်ကွက်ရှိ ဓမ္မရသရိပ်သာတွင် ဇူလိုင်၈ရက်ညနေပိုင်းမှ ၁၆ရက် နံနက်ပိုင်းအထိလည်းကောင်း ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈နာရီအတွင်း ပန်းဘဲတန်းမြို့နယ် ၂၈လမ်း (အောက်)ပုညကုသလဓမ္မာရုံတွင် လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် အနော်မာ ၁၀ လမ်းနေ ဦးဉာဏ်ဖေ၊ ဒေါ်လှကြည် သား၊ သမီး၊ မြေးတစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ဘာသာရပ်အလိုက် လိုအပ်ချက်ရှိပါက အချိန်ပိုသင်ကြားပေး သိပ္ပံခန်းသုံးပစ္စည်းများ စနစ်တကျအသုံးပြု အောင်ချက်ကောင်းရေး ကြိုးပမ်းသင်ကြား

ရန်ကုန် ဇွန် ၂၁

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးရုံးခန်း၌ မြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာမကြီးတို့အား တွေ့ဆုံသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်က ကျောင်းသားအင်အား၊ ကျောင်းတက်ချိန်၊ ဆရာ၊ ဆရာမများ အင်အား၊ ဆရာကျောင်းသားအချိုး၊ ဘာသာတွဲများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက်ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ဘာသာရပ်အလိုက် လိုအပ်ချက်ရှိပါက အချိန်ပို သင်ကြားပေးရေး၊ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း ကျောင်းသား၊ ကျောင်းသူများအား နှစ်ပတ်လျှင် တစ်ကြိမ် အစမ်းစာမေးပွဲ စစ်ဆေးရေးနှင့် မအောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများအား အချိန်ပို သင်ကြားပေးရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရေး၊ သိပ္ပံခန်းသုံးပစ္စည်းများ စနစ်တကျ အသုံးပြု သင်ကြားရေး၊ အောင်ချက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းသင်ကြားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အားပေးစကား

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဆဋ္ဌမတန်း၊ ပဉ္စမတန်းတို့တွင် သင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ ပညာတတ်မြောက်အောင် ကြိုးစားသင်ယူရန် အားပေး စကားပြောကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် သိပ္ပံလက်တွေ့ခန်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းနှင့် အခြေခံပညာ အလယ်တန်း ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ၊ ဆရာမများအား ကျောင်းအုပ်ကြီးရုံးခန်း၌ တွေ့ဆုံပြီး အချိန်ပိုသင်ကြားရေး၊ အစမ်းစာမေးပွဲများ စစ်ဆေးရေး၊ သိပ္ပံလက်တွေ့ခန်းများ၌ လက်တွေ့သင်ကြားရေး၊ သင်ကြားရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိပြီး ကျောင်းအုပ်ကြီးရုံးခန်း၌ ခရိုင် ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် အထက်တန်းပြဆရာ၊ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ဘီဘီအောင်က ကျောင်းသားအင်အား၊ ဆရာဆရာမ အင်အားနှင့် ကျောင်းသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးက တာဝန်ရှိသူများအား ပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သိပ္ပံခန်းရှိ သိပ္ပံခန်းလက်တွေ့သုံးပစ္စည်းများကို လည်းကောင်း၊ Multi Media Classroomတွင် သင်ကြားနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇွန် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမြင့်ရွှေ တို့သည် ဇွန် ၁၈ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အခြေခံပညာ မူလတန်းကျောင်းများနှင့် ကျေးလက်စာကြည့်တိုက်များအတွက် ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ကယားပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်း ၁၇၇ကျောင်းအတွက် စာသင်ခုံ ၈၆၀ ပြုလုပ်နိုင်ရန် ငွေကျပ် ၁၀၅ သိန်း၊ ကျေးလက်စာကြည့်တိုက်များအတွက် ရောင်စုံရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယိုအလုံး ၂၀၊ သုတရသစာအုပ် ၅၀၀၊ ဗလာစာအုပ်ဒါဇင် ၁၀၀၀၊ ခဲတံဒါဇင် ၅၀၀နှင့် ကျောင်းဝတ်စုံ အထည် ၅၀၀ကိုလည်းကောင်း၊ ပြည်နယ် ဥက္ကဋ္ဌက ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ ဗလာစာအုပ်ဒါဇင် ၅၀၀၊ သုတ၊ရသစာအုပ် ၅၀၀၊ ခဲတံဒါဇင်၁၀၀ တို့ကိုလည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက ဗလာစာအုပ် ဒါဇင် ၃၀၀၊ ခဲတံဒါဇင် ၁၀၀နှင့် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းက ရောင်စုံရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကိုလည်းကောင်း၊ သန်မြန်သူမော်တော်ယာဉ်အသင်းက ဗလာစာအုပ် ဒါဇင် ၁၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မျက်စိအခမဲ့ စမ်းသပ်ကုသလှူဒါန်းပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ် ဥက္ကဋ္ဌတို့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့နယ် လောပိတ စံပြကျေးရွာ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပြီး ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇွန် ၁၉ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပန်ကန်း အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည့် တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ပန်ကန်း ကျေးလက်ကျန်းမာရေးဌာနခွဲ၌ကျင်းပသည့် အခမဲ့ဆေးဝါးကုသလှူဒါန်းပွဲသို့ ရောက်ရှိပြီး အထူးကုဆရာဝန်ကြီးများက ဆေးဝါး ကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး မျက်မှန်များတပ်ဆင်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် လူမှုကူညီစောင့်ရှောက်မှုအသင်း လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် စေတနာရှင်များက အသင်းအတွက် အလှူငွေကျပ် ၇၄ သိန်း ငါးသောင်းကိုလည်းကောင်း၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လူမှုကူညီစောင့်ရှောက်မှုအသင်းသို့ ကားတစ်စီးကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည်လွိုင်ကော်တက္ကသိုလ်၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်သည်။

ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိပြီး အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲကို တက်ရောက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လွိုင်ကော်မြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အခြေခံပညာ မူလတန်းကျောင်းများနှင့် ကျေးလက်စာကြည့်တိုက်များအတွက် ထောက်ပံ့လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများလေ့လာ

ရန်ကုန် ဇွန် ၂၁

တပ်မတော် ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်းများသည် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခ ဌာနမှူး ဒုတိယဗိုလ်မှူးကြီးနေစိုးမောင် ဦးဆောင်လျက် ယနေ့ နံနက် ၉နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ ရောက်ရှိကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာထွန်းရီက နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာက အသင်းဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားကြသည်။

ဖြေကြား

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ဗိုလ်လောင်းများ၏ မေးမြန်းမှုများကို အသင်းအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၁)နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားပြီး ဗိုလ်လောင်းများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအတွင်းရှိ လှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လေ့လာကြသည်။ (သတင်းစဉ်)

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀) နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်းများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း အတွင်းရေးမှူး ဒေါ်ဝေဝေသာ အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားစဉ်။ (မိခင်နှင့်ကလေး)

သြဝါဒါစရိယဆရာတော်ကြီးများ ပူဇော်မည်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်း စာသင်တိုက် ၁၈၃ တိုက်၊ စာသင်သား၁၉၄၀၆ ပါးတို့အား တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော် လှူဒါန်းနေသော ရန်ကုန် မြို့လုံးဆိုင်ရာ ပရိယတ္တိ သာသနနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ အကျိုးဆောင်များက ၁၃၆၈ခုနှစ် ဝါဆို လဆန်း ၈ရက်၊ ဇူလိုင် ၂ရက် (တနင်္ဂနွေနေ့)တွင် အသင်းတိုက်ကြီး၌ သြဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါးအား အကြိမ် (၈၀)မြောက် ဆွမ်းဆက်ကပ်လှူဒါန်း သြဝါဒခံယူပြီး အမှုဆောင်များ၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်ဖြစ်သည်။ (က-ပ)

ညောင်တုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၁

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) နာယကများနှင့် အသင်းဝင်များက နဝမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ၊ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်ရောက် ပဓာနနာယက ဆရာတော်ကြီး ၁၇ပါးတို့ ကြွရောက်အပူဇော်ခံမည်ဖြစ်သည်။

အမှုဆောင်များ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ရက်(တနင်္ဂနွေနေ့)၊ မွန်းလွဲ ၂နာရီတွင် အမှတ် ၂၇၅၊ ပန်းဆိုးတန်းလမ်း၊ အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြရန်နှင့် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဇူလိုင် ၁၈ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ အသင်းဖုန်း-၃၈၀၁၀၆ သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအစီအစဉ်အရ ဇွန်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၅ရက် နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ညစာစားပွဲနှင့် ဆုပေးပွဲကို ယင်းနေ့ညနေ ၆နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၆။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၀၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"**အပိုင်း(၂၈)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၇။ ကျန်းမာသုတ
  - ၁၈။ မေးမြန်းစူးစမ်း
  - ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ -Czech Republic Vs Italy (Delay)
  - ၂၀။ သင့်အတွက်မနက်ဖြန်
  - ၁၈။ အပိတ်နှုတ်ဆက်စကား
  - ပြီးပါပြီ။

၀၁:၃၀ (၂၃-၆-၀၆)ရက်နေ့နံနက်ပိုင်း FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ-Japan Vs Brazil (Live)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

အုပ်စုမှကျွတ်ရေး ကြိုးပမ်းကြမည့် အီတလီ၊ ဂါနာနှင့် ချက်

ဇွန် ၂၂ ရက်(ယနေ့)အုပ်စု (င)နှင့် အုပ်စု(စ)မှအသင်းများသည် နောက်ဆုံးပွဲစဉ်များကို ကစားကြမည်။ အုပ်စု(င)တွင် ချက်နှင့် အီတလီ၊ ဂါနာနှင့် အမေရိကန်၊ အုပ်စု(စ)တွင် ဂျပန်နှင့် ဘရာဇီး၊ ခရိုအေးရှားနှင့် ဩစတြေးလျတို့ ကစားမည်ဖြစ်သည်။

အုပ်စုကျပ်(င)မှ အီတလီ၊ ချက်၊ ဂါနာအသင်းတို့သည် မည်သူအုပ်စုဗိုလ်ဖြစ်ပြီး မည်သူအုပ်စုမှ ထွက်ရမည်ဆိုသည်ကို ကွဲကွဲပြားပြား မသိရသေးသော အခြေအနေတွင်ရှိသည်။ နာမည်ကြီးအသင်းနှစ်သင်းဖြစ်သော အီတလီနှင့် ချက်တို့ထဲမှ တစ်သင်းသင်းထွက်ရတော့မည့်ကိန်း ဆိုက်နေသည်။

အုပ်စု(စ)မှာ ရှင်းသည်။ လက်ရှိအနေအထားတွင် ဘရာဇီးက ခြောက်မှတ်ဖြင့် ရှေ့မှပြေးနေသည်။ အုပ်စုဗိုလ်ဖြစ်ရန်သေချာသည်။ ကစားရမည့်အသင်းမှာ ဂျပန်ဖြစ်သည်။ အုပ်စုဒုတိယအတွက် ဩစတြေးလျနှင့် ခရိုအေးရှားတို့လုကြရမည်။ လောလောဆယ်တွင် ဩစတြေးလျက သုံးမှတ်ရထားသောကြောင့် အလားအလာကောင်းသည်။

ချက်နှင့် အီတလီ

၂၂–၆–၂၀၀၆
ဟမ်းဘတ်ကွင်း
အချိန်–ည ၈း၃၀နာရီ၊
ကြာသပတေး
(၎င်းနေ့ ည ၁၀း၃၀နာရီတွင် မြဝတီမှ ပြန်လည်ထုတ်လွှင့်ပြသမည်။)

အီတလီက အမေရိကန်ကို သရေကျပြီး ချက်က ဂါနာကို ရှုံးလိုက်သောကြောင့် (င)အုပ်စု၏ အခြေအနေမှာ ရှုပ်ထွေးသွားသည်။ အီတလီနှင့်ချက်တို့သည် သရေကျ၍မရ။ အကယ်၍ သရေဖြစ်ခဲ့လျှင် တစ်သင်းသင်း ထွက်ရဖို့ သေချာသည်။

ဂါနာသည် တစ်ပွဲပြီးတစ်ပွဲ ကောင်းလာသည်။ အမေရိကန်ကို နိုင်လောက်သည့် ခြေရည်ခြေသွေးရှိသည်။ အုပ်စုတက်ရန် အလားအလာကောင်းသောကြောင့် ဂါနာသည် အတင်းမနိုင်နိုင်အောင် ကစားဖွယ်ရှိသည်။ သို့ဖြစ်၍ လက်ရှိအခြေအနေတွင် အမေရိကန်အသင်းသည် "ဖျက်မြင်း" အနေအထားသို့ရောက်ရှိနေသည်။ ထို့ကြောင့် ချက်နှင့်အီတလီပွဲသည် ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်မည်မှာ သေချာလှပေသည်။

အမေရိကန်နှင့် ပွဲဦးထွက်ပွဲတွင် ချက်ခြေစွမ်းသည် အံ့ဩဖွယ်ကောင်းသည့် အုပ်စုအတွင်း အကောင်းဆုံးအသင်းအဖြစ် သတ်မှတ်ခံရသည်။ အုပ်စုဗိုလ်ဖြစ်မည်ဟုပင် တစ်ပေးခံရသည်။ သို့သော် ဂါနာနှင့်ပွဲတွင် အခြေအနေ အားလုံး ပြောင်းပြန်ဖြစ်သွားသည်။ ရှေ့တန်းတိုက်စစ်မဲ့ပြီး ဂါနာ၏ ထိန်းချုပ်မှုကိုပင် ခံရသည်။ နောက်ဆုံး နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးရသည်။ အကယ်၍ အီတလီနှင့်ပွဲတွင် ယန်ခိုလာနှင့် ဘားရို့စ်တို့ ပြန်ကစားနိုင်ခဲ့လျှင် ချက်နဂိုခြေစွမ်း ပြန်ရနိုင်သည်။ (၎င်းနှစ်ဦး ပါရန်မသေချာချေ။)

အီတလီသည် ဂါနာနှင့် ပွဲတွင် အပေါ်စီးမှ ဦးဆောင်ကစားသည်။ ကွင်းလယ်ကိုစိုးမိုးပြီး လိုသလိုကစားခဲ့သည်။ အမေရိကန်နှင့်ပွဲတွင် အီတလီတို့၏ ခြေစွမ်းပျောက်သွားသည်။ နှစ်ယောက်အသာဖြင့် ကစားရသည့်တိုင် နိုင်အောင်မကစားနိုင်ခဲ့ချေ။

ကစားခဲ့သောပွဲ အခြေအနေများကို သုံးသပ်ကြည့်ရာတွင် နှစ်သင်းခြေညီကြသည်။ ကစားပုံနှင့် ဖန်တီးနိုင်သည့် စွမ်းရည်များကြောင့် အီတလီကို ပိုကြိုက်သည်။ အကယ်၍ ချက်အသင်းတွင် ဘားရို့စ်နှင့် ယန်ခိုလာတို့ မပါဝင်ခဲ့လျှင် အီတလီနိုင်ရန် သေချာသည်။ မည်သို့ပင်ဖြစ်စေ အီတလီသည် (စ)အုပ်စုမှ ဘရာဇီးကို ရှောင်လို၍ အနိုင်ရအောင် ကစားလိမ့်မည်ဖြစ်သည်။

ဂါနာနှင့် အမေရိကန်

၂၂–၆–၂၀၀၆
နျူရင်ဘတ်ကွင်း
အချိန်–ည ၈း၃၀နာရီ၊
ကြာသပတေးနေ့

ဂါနာသည် ချက်ကိုနိုင်ထားသောကြောင့် သုံးမှတ်ရထားသည်။ အမေရိကန်က အီတလီနှင့် သရေကျလိုက်သောကြောင့် တစ်မှတ်ရထားသည်။ နှစ်သင်းကစားခဲ့သော ခြေရည်အရ ဂါနာသည် အုပ်စုတက်ရန် အလားအလား အကောင်းဆုံးအနေအထားသို့ ရောက်လျက်ရှိသည်။ အမေရိကန်မှာမူ အုပ်စုတက်ရန် အခွင့်အရေးနည်းလွန်းသည်။ အမေရိကန်သည် ချက်နှင့်ကစားသောပွဲ၌ ညံ့သလောက် အီတလီနှင့်ပွဲတွင် ကောင်းသည်။ ဂါနာကလည်း တစ်ပွဲထက်တစ်ပွဲ ကောင်းလာသည်။ အီတလီကိုယှဉ်ပြီး လိုက်ကစားနိုင်သလို ချက်နှင့်ပွဲတွင်လည်း အထက်စီးမှ ဦးဆောင် ကစားသွားသည်။

အုပ်စုပွဲများ မစတင်မီအချိန်တွင် အမေရိကန်သည် ဂါနာထက်ပို၍ လူကြိုက်များသည်။ ဂါနာနှင့်ကစားလျှင် အမေရိကန်နိုင်မည်ဟု ထင်ကြသည်။ သို့သော် ယခု ပြောင်းပြန်ဖြစ်သွားသည်။ ဂါနာက အထက်သို့ ရောက်နေသည်။

နောက်ဆုံးအနေအထားအရ ဂါနာက အမေရိကန်ထက် ပိုကောင်းနေသည်။ သို့ဖြစ်၍ ဂါနာနိုင်ရန် အလာအလား ကောင်းသည်။

အကယ်၍ အမေရိကန်က ဂါနာကို နိုင်ပြီး၊ ချက်ကလည်း အီတလီကိုနိုင်ခဲ့သည်ရှိသော် အမေရိကန်နှင့် အီတလီ အမှတ်တူသွားမည်ဖြစ်သည်။ နှစ်သင်းကစားစဉ်က တစ်ဂိုးစီ သရေကျထားရာ ယင်းအချက်ဖြင့် ဆုံးဖြတ်၍မရ။ နှစ်သင်း၏ သွင်းဂိုး၊ ပေးဂိုး ကွာဟချက်ဖြင့် ဆုံးဖြတ်ရန်သာရှိတော့သည်။ လောလောဆယ်၌ အီတလီက သုံးဂိုးသွင်းပြီး တစ်ဂိုးပေးထားရသည်။ အမေရိကန်က တစ်ဂိုးသွင်းပြီး လေးဂိုးပေးရသည်။ ထို့ကြောင့် အီတလီက (+၂)ဖြစ်ပြီး၊ အမေရိကန်က(–၃)ဖြစ်နေသည်။ ချက်နှစ်ဂိုးပြတ်နိုင်လျှင် အီတလီ၏ ပေးဂိုး သွင်းဂိုး တူသွားမည်။ အမေရိကန်က(–၃)ဖြစ်နေသောကြောင့် ဂါနာကို အနည်းဆုံး သုံးဂိုးပြတ်ရမည်ဖြစ်သည်။ ဂါနာကို သုံးဂိုးပြတ် သွင်းဖို့ကိစ္စမှာ မလွယ်ချေ။ သို့ဖြစ်၍ ဂါနာအသင်းအဖို့ အနိုင်ရအောင် ကစားစရာတစ်လမ်းသာရှိသည်။ ထို့ကြောင့် ဂါနာနိုင်မည်ဟု သုံးသပ်မိပါသည်။

ဂျပန်နှင့် ဘရာဇီး

၂၃–၆–၂၀၀၆
ဒေါ့မွန်ကွင်း
အချိန်–နံနက် ၁း၃၀နာရီ၊
သောကြာနေ့
(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ဘရာဇီးသည် နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုထိပ်မှ ပြေးနေသည်။ ဂျပန်က ခရိုအေးရှားကို သရေကစားထားသောကြောင့် တစ်မှတ်ရထားသည်။

ဩစတြေးလျနှင့် ကစားသော ဂျပန်၏ ခြေရည်ကောင်းသည်။ ဩစတြေးလျ၏ ကစားရှိန် အတင်အချလုပ်ခြင်းကြောင့် ဂျပန် ဆုံးရှုံးသွားရခြင်းဖြစ်သည်။ ခရိုအေးရှားနှင့် ကစားသော ခြေစွမ်းရည်မှာ စိတ်ပျက်ဖွယ်ကောင်းသည်။ ခရိုအေးရှားတို့ ဂိုးပေါက်မတည့်မှုကြောင့်သာ ဂျပန် မရှုံးခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လက်ရှိကစားခဲ့သော ခြေစွမ်းရည်ဖြင့် ဘရာဇီးကို ယှဉ်ပြိုင်ကစားရန် မလွယ်ဟု ထင်ပါသည်။

ဘရာဇီး၏ ခြေစွမ်းရည်သည် ဩစတြေးလျ၊ ခရိုအေးရှားတို့ပွဲများတွင် ကောင်းသည်။ နှစ်သင်းစလုံးကို စိတ်ကြိုက်ခြယ်လှယ် ကစားသွားသည်။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ကစားနိုင်ခြင်းမှာလည်း ဘရာဇီး၏ ပင်ကိုစွမ်းရည်တစ်ရပ်ဟု ဆိုနိုင်ပါသည်။

ပရိသတ်များ သိကြသည့်အတိုင်းပင် ဂျပန်က ဘရာဇီးကို မည်သို့မျှ ယှဉ်ပြိုင်

ဂမ်ဆိုင်း

လိမ့်မည်မဟုတ်။ ပွဲရလဒ်သည် ဘရာဇီး၏ ခြေထဲတွင်ရှိသည်။ ဘရာဇီးအနေဖြင့် ဂျပန်ကို အနိုင်ကစားပြီး အုပ်စုဗိုလ်အဖြစ် တက်နိုင်သလို သရေကစား၍လည်း တက်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ဘရာဇီးသည် သက်သောင့်သက်သာဖြင့် သရေလောက် ထိန်းကစားသွားလိမ့်မည်ဟု ထင်မြင်မိပါသည်။

ခရိုအေးရှားနှင့်ဩစတြေးလျ

၂၃–၆–၂၀၀၆
စတုဂတ်ကွင်း
အချိန်–နံနက် ၁း၃၀နာရီ၊
သောကြာနေ့

ဩစတြေးလျက ဂျပန်ကို နိုင်ထားသောကြောင့် သုံးမှတ်ရထားသည်။ ဂျပန်ကို သရေကျ၍ ခရိုအေးရှား တစ်မှတ်ရထားသည်။ သို့ဖြစ်၍ ဩစတြေးလျအသင်း အနေဖြင့် ခရိုအေးရှားကို သရေကစားနိုင်ရုံဖြင့် အုပ်စုမှ ကျွတ်နိုင်သည်။

ခရိုအေးရှားသည် ၁၉၉၈ ခုနှစ်၊ ၂၀၀၂ ခုနှစ် အသင်းမျိုး မဟုတ်တော့ချေ။ ဘရာဇီးနှင့်ပွဲဦးထွက်ကစားသော ခရိုအေးရှား ခြေရည်ကောင်းသည်၊ ဘရာဇီး၏ နောက်တန်းများကို ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ ၎င်းခြေရည်မျိုးဖြင့်ဆိုလျှင် အုပ်စုတက်ရန်ပင် အလားအလာရှိသည်ဟု မှန်းဆခဲ့ကြသည်။ သို့သော် ဂျပန်နှင့် ကစားသော ခြေမှာ ညံ့သည်။ ရှေ့တန်းတိုက်စစ်မှူးများ ဂိုးပေါက်လွဲနေကြသည်။ ထိုခြေရည်အတိုင်း ဆိုလျှင် ဩစီကို ယှဉ်ရန်မလွယ်ချေ။

ဂျပန်နှင့်ကစားသော ဩစတြေးလျ ခြေရည်ကောင်းသည်။ ရသောအခွင့်အရေးများကို အပိုင်အသုံးချ ကစားသွားသည်။ ဒုတိယပွဲစဉ်အဖြစ် ဘရာဇီးနှင့် ကစားရာတွင်လည်း ဩစတြေးလျ ယှဉ်ကစားနိုင်ခဲ့သည်။ သို့ဖြစ်၍ ဩစတြေးလျ၏ ကစားပုံ ငြိမ်သည်။

နှစ်သင်းကစားပုံများကို ချိန်ကြည့်ရာတွင် ဩစတြေးလျက ခရိုအေးရှားထက် ပိုကောင်းသည်။ အထက်စီးမှ ကစားရမည့် အနေအထားရှိသည်။ ထို့ကြောင့် ဩစတြေးလျနိုင်ရန်အခွင့်အရေးသာသကဲ့သို့ အုပ်စုတက်ရန်အတွက်လည်း အလားအလာကောင်းလျက်ရှိသည်။ ။



မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(သာကေတမြို့နယ်)က ကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ မပြန့်ပွားရေး ဟောပြောပွဲကို ဇွန်၁၆ရက်က သာကေတ အထက(၄)တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြကြိုင် အမှာစကားပြောကြားစဉ်။(က–ပ)

ဩစတြေးလျအသင်း အောင်မြင်မှုရရှိဟု နည်းပြ ဟစ်ဒင့်ပြော

ဘာလင် ဇွန် ၂၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိမိတို့အသင်း၏ တိုးတက်မှုအခြေအနေကို မည်သို့ပင် သုံးသပ်ကြစေကာမူ မိမိတို့၏အသင်းသည် ယခုပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိနေသော အသင်းများတွင် ပါဝင်ကြောင်း ဩစတြေးလျလက်ရွေးစင်အသင်းနည်းပြ ဂပ်စ်ဟစ်ဒင့်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဩစတြေးလျအသင်းသည် အုပ်စု(စ) နောက်ဆုံးလက်ကျန်ပွဲအဖြစ် ခရိုအေးရှားအသင်းနှင့် ကြာသပတေးနေ့တွင် ယှဉ်ပြိုင်ကစားသည့်အခါ အနိုင်ရရှိခြင်းဖြင့် ၁၆ သင်းအဆင့်သို့ ရောက်ရှိနိုင်သည်။

ဩစတြေးလျအသင်းသည် အများကမျှော်လင့်ခဲ့သည့်ထက် ပိုမိုအောင်မြင်မှုရရှိသော အသင်းဖြစ်ကြောင်း၊ လာမည့်ပွဲစဉ်များအတွက် မိမိတို့ အရည်အချင်းမီအောင် ဆက်လက်ကြိုးပမ်းသွားလိုကြောင်း ဟစ်ဒင့်က ပြောကြားသည်။

အင်တာနက်။

ကမ္ဘာ့ဖလားဘောလုံးပွဲသတင်းများ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ မိုက်ကယ်အိုဝင် ထွက်ခွာရပြီ

ဘာလင် ဇွန် ၂၁

အင်္ဂလန်အသင်းမှ တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ဒူးခေါင်းအရွတ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားနိုင်တော့မည်မဟုတ်ကြောင်း၊ ၎င်းသည် အင်္ဂလန်သို့ ပြန်သွားရမည်ဖြစ်ကြောင်း ဇွန် ၂၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

မိုက်ကယ်အိုဝင်သည် အင်္ဂါနေ့က ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲအတွင်း ပွဲစပြီးမကြာမီမှာပင် ရုတ်တရက်လဲကျကာ ဒူးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အိုဝင်၏ဒူးခေါင်းအရွတ်စုတ်ပြတ်သည့်ဝေဒနာနှင့်ပတ်သက်၍ ဗုဒ္ဓဟူးနေ့တွင် ပုံရိပ်ဓာတ်မှန် ရိုက်ကူးမှုခံယူခဲ့ရာ၌ အထက်ပါအတိုင်း သတင်းဆိုးပေါ်ထွက်လာခြင်းဖြစ်သည်။

ဒူးခေါင်းဒဏ်ရာရရှိခြင်းသည် မိမိ၏ဘဝကို အကြီးအကျယ်ထိုးနှက်လိုက်ခြင်းပင်ဖြစ်ကြောင်း အသက်(၂၆)နှစ်အရွယ်ရှိ မိုက်ကယ်အိုဝင်က ပြောကြားသည်။

[ဇွန် ၂၁ ရက်ညပိုင်းသတင်းအရ အိုဝင်သည် အင်္ဂလန်သို့ပြန်သွားပြီဟု သိရသည်။]

အင်တာနက်။

ဇွန် ၂၀ ရက်က ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဒူးခေါင်းအရွတ် စုတ်ပြဲသည့်ဝေဒနာကြောင့် ကွင်းအတွင်းမှ ထွက်သွားရသူ အင်္ဂလန် တိုက်စစ်မှူး မိုက်ကယ်အိုဝင်။ (ဓာတ်ပုံ–အင်တာနက်)

ကြွခိုင်မှုအနေအထား ဝိန်းရွန်းနီ အားရမှုရှိနေ

ကိုလုံး ဇွန် ၂၁

ခြေထောက်ကျိုးခဲ့သည့် ဝေဒနာကို ခံစားခဲ့ရပြီးနောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုံးပါဝင်ကစားလာသည့် ဝိန်းရွန်းနီသည် ၎င်း၏ကြံ့ခိုင်မှုအနေအထား နှင့်ပတ်သက်၍ အားရမှုရှိနေကြောင်း ဇွန်၂၁ရက်အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

မိမိသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်းအတွက် အင်တိုက်အားတိုက်ကစားပေးရန် လိုလားကြောင်း၊ အင်္ဂါနေ့က ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ၆၉မိနစ်ကြာမျှ မိမိပါဝင်ကစားခဲ့ရာတွင် ကြံ့ခိုင်မှုနှင့်ပတ်သက်၍ မည်သည့်ပြဿနာမျှမတွေ့ကြုံခဲ့ရကြောင်း၊ မိမိသည် ထို့ထက် ပိုမိုကြာမြင့်အောင်ပင် ကစားနိုင်ကြောင်း ရွန်းနီက ပြောကြားသည်။

ဝိန်းရွန်းနီသည် ဧပြီ ၂၉ ရက်က ၎င်း၏ ညာခြေထောက်အရိုးကျိုးသည့် ဝေဒနာကို ရရှိခဲ့ပြီးနောက် ဆေးဝါးကုသမှုခံယူခဲ့ရာ ပျောက်ကင်းသွားပြီဖြစ်သည်။

မိမိတို့အင်္ဂလန်အသင်းသည် ဆွီဒင်နှင့်ကစားသည့်ပွဲတွင် ပထမပိုင်းအတွင်း ကစားမှုအရှိန်အဟုန်ကောင်းမွန်ခဲ့ကြောင်း၊ သို့ရာတွင် ဒုတိယပိုင်း၌ ကစားအားလျော့ကျသွားကြောင်း ရွန်းနီကပြောကြားသည်။

အင်တာနက်။

အင်္ဂလန်အသင်းမှ ဝိန်းရွန်းနီအား ဇွန် ၁၉ ရက်က ကိုလုံးမြို့တွင် ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန် ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၈) ရောင်းဈေး ၃၅၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၈၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

ဟာသရုပ်ဖော်ဇာတ်လမ်း “မော်ဒန်အချစ်များ” ကားသစ်ရုံတင်

ရန်ကုန် ဇွန် ၂၁

ယခုသောကြာပတ်ဇွန် ၂၃ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်ဖြစ်သည့် **မော်ဒန်အချစ်များ** ဇာတ်ကား မြို့လယ်ရုံများတွင် ရုံတင်ပြသမည်ဖြစ်သည်။

မော်ဒန်အချစ်များ

ကျော်စေ ရုပ်ရှင်ထုတ်လုပ်ရေးမှ အကြည်တော်၏ ဝတ္ထုဇာတ်လမ်းကို အကြည်တော်၊နေစိုးသော်နှင့်ခင်မောင်ကျော်(မန္တလေး)တို့ ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာညွှန့်မြန်မာ ညီညီအောင်ရိုက်ကူးသည့် **မော်ဒန်အချစ်များ** ဇာတ်ကားမှာ အိမ်ထောင်ရေးသရုပ်ဖော် ဇာတ်လမ်းဖြစ်သည်။ အိမ်ထောင်ရေးဘဝကို ဟာသရောစွက်၍ ရိုက်ကူးထားရာ ရုပ်ရှင်ကြည့်ပရိသတ် စိတ်အပန်းပြေစေမည့် ဇာတ်ကားတစ်ကားဖြစ်သည်။အဆိုပါဇာတ်ကားမှာ ကျော်စေရုပ်ရှင် ထုတ်လုပ်ရေး၏ တတိယမြောက် ရိုက်ကူးထုတ်လုပ်သည့် ဇာတ်ကားဖြစ်သည်။

တစ်ပြိုင်တည်းပြသ

အဆိုပါဇာတ်ကားတွင် ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်း၊ မေသဉ္ဇာဦးနှင့် ပိုင်းစုခိုင်သိန်းတို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံသုံးရုံတစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ဇာတ်လမ်း

ဇာတ်လမ်းအကျဉ်းမှာ မော်ဒယ်သင်တန်းတက်နေသူ တိမ်ညိုအမည်ရှိ မိန်းကလေးသည် ဖခင်မုဆိုးဖိုနှင့် အဒေါ်ဖြစ်သူတို့၏ အုပ်ထိန်းမှုဖြင့် နေထိုင်နေရာမှ အရောင်းမြှင့်တင်ရေး ပွဲတစ်ခု၌ အဆိုတော် တက်နေရောင်က ၎င်းအား တွေ့ဆုံစွဲလမ်းသွားသည်။

ဟာသဇာတ်ကား

မော်ဒယ်တိမ်ညိုကို ကုန်ပစ္စည်းကြော်ငြာ ရိုက်ကူးရန်အတွက် ကုမ္ပဏီပိုင်ရှင် ဒေါ်ဆောင်းကြာခြည်က ကမ်းလှမ်းခဲ့သည်။ တိမ်ညို၏ ဖခင်နှင့်ဒေါ်ဆောင်းကြာခြည်တို့မှာတစ်ချိန်က ချစ်သူများဖြစ်ခဲ့ကြပြီး မိဘများကြောင့် မဆုံစည်းခဲ့ကြရ။ အချစ်သစ်၊ အချစ်ဟောင်းတို့ ဆုံတွေ့ကြပုံကို တင်ပြထားသည့် အိမ်ထောင်ရေး ဟာသ ဇာတ်ကားဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံတွင် ပြသဆဲ လူစွမ်းကောင်းကြီးဇောရိုး၏ အဖြစ်အပျက် ဇာတ်ကားကို ရိုက်ကူးထားသော The Legend ˚of ˚Zorrow ဇာတ်ကားပြသနေပြီး နေပြည်တော်ရုံတွင် ပိုဆီဒွန်အမည်ရှိ အပျော်စီးသင်္ဘောကြီးတစ်စင်း သမုဒ္ဒရာအတွင်း နစ်မြုပ်မှုကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် Poseidon ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ယခုသောကြာပတ်တွင် ရုံတင်ပြသမည့် “မော်ဒန်အချစ်များ” ဟာသ သရုပ်ဖော် ဇာတ်ကားသစ်မှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

တာမွေမြို့နယ် မင်္ဂလာသုခစာသင်တိုက်ကျောင်း ပြုပြင်ရန်နှင့် တံကဲအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းနေ ဆရာမ ဒေါ်ရွှေပုနှင့် ညီမ ဒေါ်ကြူကြူဝင်းတို့က ကွယ်လွန်သူ မိဘများအားရည်စူး၍ အလှူငွေကျပ် ၇၅သိန်းကို အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဉာဏမဉ္ဇူထံ ဆက်ကပ်လှူဒါန်းစဉ်။ (၅၃၅)

လပ္ပတ္တာမြို့နယ်ဖွံ့ဖြိုးရေး အလှူရှင်များဂုဏ်ပြုမည်

ရန်ကုန် ဇွန် ၂၁

လပ္ပတ္တာမြို့နယ်အသင်း(ရန်ကုန်) မှကြီးမှူး၍ လပ္ပတ္တာမြို့နယ် ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီသူ အလှူရှင်များအား ဂုဏ်ပြုပွဲကို ဇွန် ၂၅ရက်နံနက် ၉နာရီတွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပမည်ဖြစ်၍ အလှူရှင်များ၊ မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းသူအသင်းသားများ ကြွရောက်ကြရန်ဖိတ်ကြားထားသည်။ (က-ပ)

ဟသ်ာတအသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၁

ဟသ်ာတအသင်း၏နှစ်စဉ်ဝါဆိုသင်္ကန်းကပ်လှူပွဲများကို ဇူလိုင် ၂ ရက်တွင် ရန်ကုန်မြို့အသင်းတိုက်၌ မြောက်ဥက္ကလာပ-သဒ္ဓမ္မဝါဒီ ကျောင်းတိုက် သံဃာတော်များအား ပင့်ဖိတ်၍လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် ဟသ်ာတမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပင့်ဖိတ်၍ လည်းကောင်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ အသင်းဝင်များ၊ ဟသ်ာတသူ၊ ဟသ်ာတသားများ ကြွရောက်လှူဒါန်းကြည်ညိုကြရန်နှင့် သင်္ကန်းနှင့် ဝတ္ထုအလှူငွေများကို ရန်ကုန်မြို့တွင် ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးတင်အေး ဖုန်း-၆၅၀၇၂၈၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈၊ ဦးတင်ရှိန် ဖုန်း-၅၀၂၃၀၃၊ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈၊ ၂၅၃၁၁၀၊ ဒေါ်ညွန့်ညွန့် ဖုန်း-၂၄၅၃၉၅နှင့် ဟသ်ာတမြို့တွင် ဦးအောင် နိုင် ဖုန်း-၂၁၆၄၁၊ ဦးအေးထွန်း ဖုန်း-၂၂၁၅၅ လိုင်းခွဲ(၂၃၄)များသို့ ဆက်သွယ် လှူဒါန်းကြရန်နှိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊မန္တလေးလမ်းနေ ကွယ်လွန်သူ ရဟန်းဒါယကာကြီး ဦးမြတ်ကြည်၊ သမီး မခင်ဝင်းမြင့်၊ မနီလာကြည်တို့အား ရည်စူး၍ ဒေါ်လှမြင့် မိသားစုက သင်္ဃန်းကျွန်းမြို့နယ်(၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရပရိယတ္တိ စာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ကျပ်တစ်သိန်းပေးအပ် လှူဒါန်းရာ အလုပ်အမှုဆောင် ဦးကျော်စိုး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ကျောက်ဆည်ခရိုင်အတွင်းစက်ရုံများ၊ စိုက်ပျိုးရေးလုပ်ငန်းများစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

မန္တလေးမြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၉ ရက်နံနက်ပိုင်းက အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းမှ တည်ဆောက်လျက်ရှိသော ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ရှေ့ဦးစွာညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မတမံ RCCကွန်ကရစ်သွန်းလောင်း ထားရှိမှုများကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေသားနံရံများ ပြုပြင်နေမှုကို လည်းကောင်း၊ လုပ်ငန်းခွင်အတွင်း ခေတ်မီ စက်ယန္တရားကြီးများကို အသုံးပြု၍ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရေယူအဆောက်အအုံ ကွန်ကရစ်လုပ်ငန်းကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တမံဆိပ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးမြို့၏အရှေ့တောင်ဘက် ၃၁မိုင်အကွာ(ရဲ-ယမန်းရွာ) အနီးတည်ရှိပြီး မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်ထားသည်။ ရေဆင်းဧရိယာ စတုရန်းမိုင် ၁၀၀၉၀၊ ကွန်ကရစ်တမံ အမျိုးအစားဖြစ်၍ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪**

ဆောင်းပါးအညွှန်း

ယနေ့ကာလတွင် ပြည်တွင်းပြည်ပ အဖျက်သမားအားလုံးက ပြည်တွင်း ဆူပူအုံကြွမှုဖြစ်ပွားအောင် နည်းလမ်းအစုံစုံဖြင့် လုပ်ကြရန် သွေးထိုးလှုံ့ဆော်နေကြပါသည်။ ယင်းသို့ ပြည်တွင်း ဆူပူအုံကြွမှုနည်းလမ်းမျိုးစုံကို ထုတ်လွှင့်ဖြန့်ဝေကာ ဖြတ်လမ်းမှ နိုင်ငံတော်အာဏာရယူရေး အယူအဆကို တစ်သံတည်း ပြိုင်တူအချိန်ကိုက် ကြွေးကြော်နေခြင်းသည် သွေးရိုးသားရိုးသဘောရိုး မဟုတ်ကြောင်း သိသာထင်ရှားလှပါသည်။

စိုးမြကျော်နှင့်
စောမြအောင်၏

“ပြည်တွင်းပြည်ပ အဖျက်သမားများ၏အကြံနှင့် သတိပြုသင့်သော အမှန် (၂)”

(ဆောင်းပါး)စာမျက်နှာ–၈/၉

ပဲခူးတိုင်းအတွင်း ယခုနှစ်မိုးစပါးကေ သိန်း ၃၀ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းနေ အဓိကသီးနှံ ၁၀မျိုး၊ ရော်ဘာ၊ ဂရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်တိုးချဲ့စိုက်ပျိုး စီမံကိန်းများအောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေး အောက်ခြေအထိဆင်း၍ဆောင်ရွက်

ရန်ကုန် ဇွန် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအကြားရှိ ဝမ်းဘောဒတ်တံတားသို့ရောက်ရှိရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။ စာမျက်နှာ ၆ ကော်လံ ၃ သို့ ❍

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စိန္တာရာမကျောင်းတိုက်သုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား တက်ရောက်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် စိန္တာရာမကျောင်းတိုက် ပြည့်စေအေးသုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၈နာရီတွင် အဆိုပါကျောင်းဆောင်တော်ကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ ဆရာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ **စာမျက်နှာ ၆ ကော်လံ ၅ သို့ ❊**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)